**ကြိုတင်တည်းဖြတ်မထားသော အစီရင်ခံစာ**

ဖြန့်ချီ - အများဖတ်ရှုနိုင်ရန်
၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ၊ ၂ ရက်
မူရင်းဘာသာစကား - အင်္ဂလိပ်

**ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီ**
**ခြောက်ဆယ်ကြိမ်မြောက် အစည်းအဝေး**
**၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ၊ ၈ ရက် - အောက်တိုဘာလ၊ ၁၃ ရက်**
**အစီအစဉ် အမှတ် ၂**
**ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီး၏ နှစ်အလိုက် အစီရင်ခံစာနှင့်**
**ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးရုံးနှင့် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်၏ အစီရင်ခံစာများ**

**လူ့အခွင့်အရေး ကောင်စီ၏ အာရုံစိုက်မှု လိုအပ်နေသော လူ့အခွင့်အရေး အခြေအနေ**

# မြန်မာနိုင်ငံရှိ ရိုဟင်ဂျာ မွတ်စလင်များနှင့် အခြား လူနည်းစု တိုင်းရင်းသားများ ဆိုင်ရာ လူ့အခွင့်အရေး အခြေအနေ

## ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီး၏ အစီရင်ခံစာ *

*အစီရင်ခံစာ အနှစ်ချုပ်*

ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီ၏ ဆုံးဖြတ်ချက် အမှတ် ၅၃/၂၆ နှင့် ၅၆/၁ တို့အရ ဤအစီရင်ခံစာတွင် သီးခြား လွတ်လပ်သော နိုင်ငံတကာ အချက်အလက် ရှာဖွေရေး မစ်ရှင်မှ ပေးအပ်ခဲ့သော အကြံပြုချက် တိုက်တွန်းချက်များ အပြင် တာဝန်ခံမှု ရှိရေး ဆိုင်ရာ ကိစ္စရပ်များအား မြန်မာနိုင်ငံမှ လက်တွေ့ အကောင်အထည် ဖော်ဆောင်မှု အပေါ် ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးရုံးမှ ဆောင်ရွက်ခဲ့သော စောင့်ကြည့်ရေးနှင့် စိစစ် အတည်ပြုရေး ဆိုင်ရာ လုပ်ငန်းစဉ်များမှ ရရှိသော လေ့လာတွေ့ရှိချက်များနှင့် မြန်မာနိုင်ငံ အဝှမ်း လူ့အခွင့်အရေး အခြေအနေ အထူးသဖြင့် ရိုဟင်ဂျာ မွတ်စလင်များနှင့် အခြား လူနည်းစု တိုင်းရင်းသားတို့၏ လူ့အခွင့်အရေး အခြေအနေ ဆိုင်ရာ ပြောင်းလဲမှု ဖြစ်စဉ်အား သုံးသပ်ချက်တို့ ပါဝင်သည်။

* လက်ရှိ အစီရင်ခံစာကို နောက်ဆုံးရက် ကျော်လွန်ပြီးမှ တင်ပြခဲ့ခြင်း ဖြစ်ပြီး နောက်ဆုံး ဖြစ်ပေါ် တိုးတက်မှုများကို ထင်ဟပ်စေရန် ရည်ရွယ်ပါသည်။

# ၁။ အဖွင့်မိတ်ဆက်

၁။ ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီ၏ ဆုံးဖြတ်ချက် အမှတ် ၅၃/၂၆ အရ ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီသည် ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးကို လွတ်လပ်သော နိုင်ငံတကာ အချက်အလက် ရှာဖွေရေး မစ်ရှင်မှ ပေးအပ်ခဲ့သော တာဝန်ခံမှု ရှိရေး ဆိုင်ရာ အကြံပြုချက်များ အပါအဝင် အခြား အကြံပြု တိုက်တွန်းချက်များအား အကောင်အထည် ဖော်မှုကို စောင့်ကြည့်လေ့လာရန်၊ မြန်မာနိုင်ငံရှိ ရိုဟင်ဂျာ မွတ်စလင်များနှင့် အခြား တိုင်းရင်းသား လူနည်းစု ဆိုင်ရာ လူ့အခွင့်အရေး အခြေအနေ ပြောင်းလဲမှု ဖြစ်စဉ်အား ဆက်လက် ခြေရာခံရန် အပြင် ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီ၏ ငါးဆယ့်ကိုးကြိမ်မြောက် အစည်းအဝေးတွင် အစီရင်ခံစာ ရေးသား တင်သွင်းရန် တောင်းဆိုခဲ့သည်။ ကောင်စီ၏ ဆုံးဖြတ်ချက် အမှတ် ၅၆/၁ အရ ကောင်စီ၏ ၆၀ ကြိမ် မြောက် အစည်းအဝေးတွင် လူ့အခွင့်အရေး မဟာမင်းကြီးက ထိုအစီရင်ခံစာကို တင်ပြရန် ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီမှ တောင်းဆိုခဲ့သည်။

၂။ ဤအစီရင်ခံစာသည် ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးရုံး (OHCHR) သည် ၂၀၂၄ ခုနှစ်၊ ဧပြီလ၊ ၁ ရက်နေ့မှ ၂၀၂၅ ခုနှစ်၊ မေလ၊ ၃၁ ရက်နေ့ အတွင်း ကန့်သတ် အခြေအနေ အောက်၌ ဆောင်ရွက်ခဲ့သော အဝေးမှ စောင့်ကြည့်ခြင်းနှင့် စိစစ် အတည်ပြုခြင်း လုပ်ငန်းစဉ်များမှ လေ့လာ တွေ့ရှိချက်များကို တင်ပြထားပါသည်။ ထိုကာလအတွင်း ဘဏ္ဍာငွေ အရင်းအမြစ် အကန့်အသတ် ရှိခြင်းကြောင့် ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာ မင်းကြီးရုံး အနေဖြင့် သက်ဆိုင်ရာ စံချိန် စံညွှန်း အတိုင်း အချက်အလက်များအား စုဆောင်း၊ အတည်ပြုနိုင်စွမ်း အပေါ် များစွာ သက်ရောက်မှု ရှိခဲ့ပြီး ဤအစီရင်ခံစာတွင် ထင်ဟပ်နိုင်သော ဖြစ်စဉ်ဖြစ်ရပ် အရေအတွက်နှင့် လူ့အခွင့်အရေး ချိုးဖောက်မှု ဆိုင်ရာ ဆင်တူ အဖြစ်အပျက်များ အပေါ် မှတ်တမ်းယူနိုင်စွမ်း အပေါ် ကန့်သတ်ချက်များ ရှိခဲ့သည်။ သင့်တော်သည့် နေရာများတွင် ယခင် ထုတ်ပြန်ခဲ့သော အစီရင်ခံစာများအား ကိုးကားထားပါသည်။

# ၂။ နည်းစနစ်

၃။ OHCHR သည် အဖွဲ့အစည်း အသီးသီးမှ လူ့အခွင့်အရေး ချိုးဖောက်မှုနှင့် အလွဲသုံးစားမှု အပြင် နိုင်ငံတကာ ဥပဒေအား ကြီးလေးစွာ ချိုးဖောက်သည့် ဖြစ်မှုများအား စိစစ် အတည်ပြုရန် အလို့ငှာ ကျူးလွန်ခံရသူနှင့် မျက်မြင်သက်သေများအား ၂၈၉ ကြိမ် တွေ့ဆုံမေးမြန်းခဲ့ပြီး ဒေသ အခြေပြု အဖွဲ့နှင့် နိုင်ငံတကာ အဖွဲ့အစည်းများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ ဘာသာရပ် အကြောင်းအရာ အလိုက် ကျွမ်းကျင်သူများနှင့် အခြား သက်ဆိုင်ရာ ပုဂ္ဂိုလ်များအား ပုံမှန် တွေ့ဆုံကာ အကြံဉာဏ် ရယူ ဆွေးနွေးခဲ့သည်။ OHCHR သည် ဂြိုလ်တု ဓာတ်ပုံများနှင့် တရားဝင် စာရွက်စာတမ်းများ ကဲ့သို့ ရရှိနိုင်သော အခြား မူလ သတင်းရင်းမြစ်များကို ခွဲခြမ်းစိတ်ဖြာခဲ့ပြီး မီဒီယာနှင့် လူမှုကွန်ရက် သတင်းများကို စနစ်တကျ စောင့်ကြည့်လေ့လာခဲ့သည်။ OHCHR သည် မြန်မာ စစ်တပ် (စစ်တပ်)၊ အမျိုးသား ညီညွတ်ရေး အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများထံသို့ မေးခွန်းများ ပေးပို့တင်ပြခဲ့ကာ ၎င်းတို့၏ အမြင်များအား ဖော်ထုတ်ရန် အခွင့်အရေး ရှိကြောင်း ပြသခဲ့သည်။ ထိုသို့ ဆွေးနွေးဖြေကြားချက်များအား ခွဲခြမ်းစိတ်ဖြာခဲ့ပြီး ၎င်းအချက်များကို ဤအစီရင်ခံစာတွင် အထူးတလည် ထည့်သွင်းဖော်ပြထားပါသည်။

၄။ OHCHR သည် ကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာ အထူး စိုးရိမ်ပူပန်ဖွယ်ရာများကို ထည့်သွင်း စဉ်းစားလျက် "မည်သူမျှ ထိခိုက်နစ်နာမှု မရှိစေရေး" အခြေခံမူအား အခြား အရာများထက် ဦးစားပေး လိုက်နာစောင့်ထိန်းပါသည်။ သက်ဆိုင်ရာ ဖြစ်ရပ်များ ဖြစ်ခဲ့သည်ဟု ယုံကြည်ရသော အကြောင်းရင်းများ ရှိသည့် နေရာတွင် ဖြစ်ရပ်များနှင့် ဆင်တူ အဖြစ်အပျက်များကို

အမှန်တရား အဖြစ် သတ်မှတ်ခဲ့ပါသည်။ လူ့အခွင့်အရေး ချိုးဖောက်မှု အားလုံးကို အပြည့်အဝ မှတ်တမ်းယူနိုင်စွမ်းအား အတားအဆီး ဖြစ်စေရန် ရည်ရွယ်၍ စစ်တပ်သည် ပြည်တွင်း အင်တာနက် ဖြတ်တောက်ခြင်း နှင့် အခြား ကန့်သတ်မှုများ ချမှတ်ထားသည် ဖြစ်ရာ စိစစ် အတည်ပြုထားသော သေဆုံးသူ အရေအတွက် ကိန်းဂဏန်းများသည် မြေပြင် အခြေအနေထက် လျော့နည်းနိုင်ပါသည်။

# ၃။ မြန်မာနိုင်ငံရှိ လူ့အခွင့်အရေး အခြေအနေ

## က။ လက်နက်ကိုင် ပဋိပက္ခနှင့် ဆက်စပ်သော ဖြစ်ပေါ်တိုးတက်မှုများ

၅။ အာဏာသိမ်းပြီး လေးနှစ်ကျော် အကြာတွင် တဖြည်းဖြည်း ပြင်းထန်လာသော အကြမ်းဖက် တိုက်ခိုက်မှုများကြောင့် အရပ်သား ပြည်သူလူထုမှာ မခံထမ်းနိုင်လောက်အောင် ဆိုးရွားသည့် အကျိုးဆက်များအား ဆက်လက် ခံစားနေရသည်။ ယုံကြည်စိတ်ချရသော သတင်း ရင်းမြစ်များ[1] အရ အာဏာသိမ်းသည့် နေ့မှ ၂၀၂၅ ခုနှစ်၊ မေလ၊ ၃၁ ရက်နေ့ အထိ စစ်တပ်သည် အရပ်သား ၆,၇၆၄ ဦးထက်မနည်း သတ်ဖြတ်ခဲ့ပြီး ၎င်းတွင် အမျိုးသမီး ၁,၄၀၉ ဦးနှင့် ကလေး ၈၁၀ ဦး ပါဝင်သည်။ စစ်တပ်သည် နိုင်ငံရေး ရည်ရွယ်ချက်ဖြင့် ၂၉,၂၀၉ ဦးကို ဖမ်းဆီးခဲ့ပြီး ၎င်းအရေအတွက်တွင် ၂၂,၀၇၄ ဦးမှာ ဆက်လက် ဖမ်းဆီးချုပ်နှောင်ခံနေရဆဲ ဖြစ်ကာ ဖမ်းဆီးချုပ်နှောင်ခံရသူများတွင် အမျိုးသမီး ၄,၂၃၄ ဦးနှင့် ကလေးသူငယ် ၂၃၅ ဦး ပါဝင်သည်။ မြန်မာ စစ်တပ် ထိန်းချုပ်သည့် တရားရုံးများသည် သင့်လျော်သော တရား စီရင်ရေး လုပ်ထုံးလုပ်နည်း၊ တရားမျှတသော တရားခွင် ရပိုင်ခွင့်နှင့် တရားစီရင်ရေး ဆိုင်ရာ လွတ်လပ်သော အာမခံချက်များ မရှိဘဲ ဖမ်းဆီး ချုပ်နှောင်ထားသူ ၁၇၂ ဦးအား သေဒဏ် ချမှတ်ခဲ့သည်။

၆။ ကုလသမဂ္ဂနှင့် အရှေ့တောင်အာရှ နိုင်ငံများ အသင်း (အာဆီယံ)တို့မှ အကြမ်းဖက်မှုများ လျှော့ချရန် တောင်းဆိုမှုများ ရှိခဲ့သော်လည်း မြန်မာ စစ်တပ်က သတ်ဖြတ်မှုများ၊ အစဖျောက်မှုများ၊ တရားလက်လွှတ် ဖမ်းဆီးချုပ်နှောင်မှုနှင့် အရပ်သားများအား အဓမ္မ စစ်မှုထမ်းစေခြင်းများအား ဆက်လက် ကျူးလွန်နေခဲ့ကြောင်း အစီရင်ခံခဲ့သည်။[2] ဤအစီရင်ခံစာ ပြုစုရေးသားသည့် ကာလ အတွင်း ပေါ်ထွန်းလာသည့် လားရာ ဖြစ်ရပ်များ အရ ပြည်နယ်နှင့် တိုင်းဒေသကြီး ခြောက်ခုတွင် ဓာတ်မြေသြဇာ အပါအဝင် ဓာတု ပစ္စည်းများကို ပေါက်ကွဲစေတတ်သော ပစ္စည်းများတွင် တပ်ဆင်၍ အသုံးပြု တိုက်ခိုက်မှု ၂၆ ကြိမ် ရှိကြောင်း တိုင်ကြား အစီရင်ခံချက်များအား OHCHR က လက်ခံ ရရှိခဲ့ကာ ရှမ်းပြည်နယ်မှ ၂၂ ကြိမ် ရှိကြောင်း အစီရင်ခံခဲ့သည်။

၇။ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလတွင် တိုက်ခတ်ခဲ့သော ရာဂီ မုန်တိုင်းကြောင့် ရေကြီးမြေပြိုမှု ဖြစ်ပွားခဲ့ပြီး ၂၀၂၅ ခုနှစ်၊ မတ်လ၊ ၂၈ ရက်နေ့တွင် မြန်မာ နိုင်ငံ အလယ်ပိုင်း ဒေသ၌ လှုပ်ခတ်ခဲ့သည့် ငလျင်ဘေး အပါအဝင် သဘာဝ ကပ်ဘေးကြောင့် လူ့အခွင့်အရေး ချိုးဖောက်မှုကို ကျယ်ကျယ် ပြန့်ပြန့်နှင့် စနစ်တကျ ကျူးလွန်နေသည့် လက်နက်ကိုင် ပဋိပက္ခ ဖြစ်ပွားရာ ဒေသများတွင် အခြေအနေ ပိုမို ဆိုးရွားစေခဲ့သည်။[3] ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလတွင် မြို့နယ်ပေါင်း ၇၀ ကျော်တွင် လူဦးရေ တစ်သန်းကျော် အိုးအိမ်စွန့်ခွာခဲ့ရသည့် ရေကြီးမှုတွင် လူဦးရေ ၄၄၀ ကျော် သေဆုံးခဲ့ရပြီး ရပ်ရွာများ၊ ကောက်ပဲ သီးနှံများ၊ လယ်ယာမြေများနှင့် မွေးမြူရေး လုပ်ငန်းများ အကြီးအကျယ် ပျက်စီးခဲ့သည်။ ၂၀၂၅ ခုနှစ်၊ မတ်လတွင် လှုပ်ခတ်ခဲ့သည့် ငလျင်ကြောင့် မြန်မာနိုင်ငံ အလယ်ပိုင်း ဒေသ တစ်ဝှမ်း လူပေါင်း ၄,၀၀၀ နီးပါး သေဆုံးခဲ့သည်။ ငလျင်ဒဏ် နောက်ဆက်တွဲ ဆိုးရွားစွာ

[1] https://aappb.org/

[2] A/HRC/54/59, A/HRC/56/23.

[3] မြန်မာနိုင်ငံအဝှမ်း မြို့နယ် ၂၈၈ ခုတွင် ရစ်ချာ စကေး ၄ နှင့် အထက် ငလျင်လှုပ်ခတ်မှုအား ခံစားခဲ့ရကြောင်း သိရှိရသည်။

ပျက်စီးမှုကြောင့်  စစ်တပ်က ၂၀၂၅ ခုနှစ်၊ ဧပြီလနှင့် မေလ၌ ကူညီ ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ယာယီ အပစ်အခတ် ရပ်စဲကြောင်း ကြေညာခဲ့သော်လည်း အရပ်သားများအား ကာကွယ် စောင့်ရှောက်မည့် အစီအမံများအား ဖော်ဆောင်ခြင်း မရှိဘဲ လေကြောင်း တိုက်ခိုက်မှုနှင့် လက်နက်ကြီးများဖြင့် အစဉ်တစိုက် ပစ်ခတ်တိုက်ခိုက်နေခဲ့သည်။ စစ်တပ်သည် ၂၀၂၅ ခုနှစ်၊ မေလ၊ ၃၁ ရက်နေ့ အထိ အကြိမ်ပေါင်း ၅၅၀ ကျော် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သတင်း ရရှိခဲ့ပြီး အများ သူငါ လေ့လာနိုင်သော သတင်းရင်းမြစ်များ အရ လျှောင်လှုပ်ခတ်ပြီး မြန်မာ စစ်တပ်၏ ပစ်ခတ် တိုက်ခိုက်မှုကြောင့် အရပ်သား ၄၈၁ ဦး သေဆုံးခဲ့ကြောင်း ဖော်ပြနေသည်။ ယုံကြည်စိတ်ချရသော သတင်း ရင်းမြစ်များ အရ အရပ်သား သေဆုံးသူ ၂၈၅ ဦး ရှိကြောင်း အတည်ပြု ဖော်ပြခဲ့သည်။ ဤဖြစ်ရပ်များမှ ထင်ရှားသော ဥပမာ တစ်ခုမှာ ကရင် ပြည်နယ်၊ ကော့ကရိတ် မြို့နယ်၊ ကန်းနီ ကျေးရွာတွင် မြန်မာ စစ်တပ်၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်း တစ်ကျောင်း ကြီးကြီးမားမား ပျက်စီးခဲ့ပြီး ကလေးသူငယ် လေးဦး အပါအဝင် အရပ်သား ခြောက်ဦး သေဆုံးခဲ့သလို လူ ၂၀ ကျော် ဒဏ်ရာ ရခဲ့သည်။ OHCHR သည် အခြား ဖြစ်စဉ်များနှင့် ဆက်စပ်သော လေကြောင်း တိုက်ခိုက်မှုအား အတည်ပြုနိုင်သည့် သတင်း အချက်အလက်များကို မတွေ့ခဲ့ရပေ။ စစ်တပ်သည် ၎င်းတို့ မထိန်းချုပ်နိုင်သည့် ဒေသများနှင့် လူနည်းစု တိုင်းရင်းသားများ နေထိုင်ရာ ဒေသများရှိ လျှောင်ဒဏ်ခံရသော ရပ်ရွာလူထုထံသို့ လူသားချင်း စာနာထောက်ထားမှု အကူအညီများ မရောက်စေရန် တားဆီး ပိတ်ပင်မှုများအား အစဉ်တစိုက် ဆောင်ရွက်ခဲ့သည်။[4]

၈။   စစ်တပ်က လေကြောင်းတိုက်ခိုက်မှု အပေါ် ယခင်ထက် အမှီပြုလာခြင်းကြောင့် အရပ်သား လူထု သေကြေ ဒဏ်ရာရမှုများ ဆက်တိုက် ဖြစ်ပေါ်ခဲ့သည်။[5] ယုံကြည်စိတ်ချရသော သတင်း ရင်းမြစ်များ အရ ဤအစီရင်ခံစာ ပြုစုရေးသားသည့် ကာလ အတွင်း အတည် ပြုနိုင်သည့် အရပ်သား သေဆုံးမှု အားလုံး၏ လေးပုံ တစ်ပုံ နီးပါးသည် လေကြောင်း တိုက်ခိုက်မှုကြောင့် သေဆုံးရခြင်း ဖြစ်ကြောင်း ညွှန်ပြနေကာ ၎င်းအရေအတွက်မှာ သေဆုံးသူ အရပ်သား ၁,၈၁၁ ဦးတွင် ၈၃၈ ဦး ဖြစ်သည်။ ၂၀၂၄ ခုနှစ်တွင် လေကြောင်း တိုက်ခိုက်မှုကြောင့် အတည်ပြုနိုင်သော အရပ်သား သေဆုံးမှု ၆၄၂ ဦး ရှိခဲ့သဖြင့် ၂၀၂၄ ခုနှစ်အား လေကြောင်း တိုက်ခိုက်မှုကြောင့် အရပ်သား သေဆုံးမှု အများဆုံး နှစ်အဖြစ် သတ်မှတ်ထားသော်လည်း ၂၀၂၅ ခုနှစ်၊ နှစ်စပိုင်းမှ မေလ ကုန်ပိုင်း အထိ စာရင်းများ အရ အရပ်သား သေဆုံးမှု စုစုပေါင်း အရေအတွက်သည် ယမန်နှစ် အရပ်သား သေဆုံးမှုထက် ၆၇ ရာခိုင်နှုန်း ပိုများကြောင်း တွေ့ရသည်။ ကိန်းဂဏန်းများကို နှိုင်းယှဉ် ဆန်းစစ်ချက် အရ အစီရင်ခံသည့် ကာလ၊ ဒုတိယ နှစ်ဝက်၏ လေကြောင်း တိုက်ခိုက်မှု အရေအတွက်သည် ၁,၆၆၅ ကြိမ် ရှိပြီး ပထမ နှစ်ဝက်တွင် အကြိမ်ပေါင်း ၁,၀၅၇ ကြိမ် ရှိရာ ဒုတိယ နှစ်ဝက်၏ လေကြောင်း တိုက်ခိုက်မှုသည် ပထမ နှစ်ဝက်ထက် ၆၃ ရာခိုင်နှုန်းထက် ပိုများကြောင်း မီးမောင်းထိုး ဖော်ပြထားသည်။

၉။   နောက်ထပ် စိုးရိမ်စဖွယ် အခြေအနေသစ် တစ်ရပ်မှာ မြန်မာ စစ်တပ်သည် လက်နက် တပ်ဆင်ထားသော ပါရာမော်တာ ယာဉ်ပျံစက်များအား စတင် အသုံးပြုလာခြင်း ဖြစ်ပြီး ၎င်းသည် လူ သုံးဦး အထိ တင်ဆောင်နိုင်သလို ၁၂၀ မီလီမီတာ အမြောက်ဆန်များကို တင်ဆောင်နိုင်သော ပါဝါတပ် သုံးဘီး ပါရာဂလိုက်ဒါများ (လေဟုန်စီး နိုင်သော စက်တပ်ယာဉ်များ) ဖြစ်သည်။ ပုံမှန် အားဖြင့် လေဟုန် စီးနိုင်သော စက်တပ်ယာဉ်များကို ရန်သူအား စုံစမ်းထောက်လှမ်းရာတွင် အသုံးချသော်လည်း နောက်ပိုင်းတွင် ၎င်းကို ပစ်ခတ်တိုက်ခိုက်ရာတွင် တိုး၍ အသုံးပြုလာကာ ပစ်မှတ်ကို တိတိကျကျ ပစ်ချနိုင်စွမ်း မရှိသော်လည်း အသံတိတ်ဆိတ်စွာဖြင့် ဗုံးလက်နက်များ ပစ်ချနိုင်အောင် စီစဉ်ထားသည်။ အများသူငါ လေ့လာနိုင်သော သတင်း ရင်းမြစ်များ အရ ၂၀၂၄

[4] A/HRC/53/52
[5] A/HRC/59/57, para. 53

ခုနှစ်၊ ဒီဇင်ဘာမှစ၍ ပါရာမော်တာ တိုက်ခိုက်မှုပေါင်း ၁၃၇ ကြိမ် ရှိခဲ့ကြောင်း၊ ၎င်းတိုက်ခိုက်မှု အများစုမှာ စစ်တပ် လေယာဉ်ကွင်းများမှ လက်လှမ်းမှီသည့် စက်ဝန်းနယ်ပယ် အနီးတွင် အများစု ဖြစ်ကြောင်း တွေ့ရသည်။ ၎င်းတိုက်ခိုက်မှုများ အနက် ၄၆ ကြိမ်မှာ လျှောင်ဘေးသင့် ဒေသများတွင် ဖြစ်ပွားခဲ့သည်။ ထိုသို့သော တိုက်ခိုက်မှုများ အများအပြားမှာလည်း ရခိုင်နှင့် ချင်း ပြည်နယ်များတွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ စိစစ် အတည်ပြုရန် မပြီးပြတ်သေးသော်လည်း သတင်း မီဒီယာများ၏ တင်ပြချက် အရ ပါရာမော်တာမှ ပစ်ခတ်ခြင်းကြောင့် ဈေး၊ နေအိမ်၊ ဘုန်းကြီးကျောင်း၊ ဆေးရုံနှင့် စာသင်ကျောင်းများကို ထိမှန်ခဲ့ပြီးနောက် အမျိုးသမီး ၁၉ ဦးနှင့် ကလေးသူငယ် ခုနှစ်ဦး အပါအဝင် အရပ်သား ၈၁ ဦးထက် မနည်း သေဆုံးကြောင်း ဖော်ပြခဲ့သည်။ ဘေးကင်းလုံခြုံမှုနှင့် ဆက်စပ်၍ စိုးရိမ်ဖွယ်ရာ အခြေအနေကို ထင်ဟပ်စေသည့် ဖြစ်ရပ် တစ်ခုမှာ မေလ၊ ၁၀ ရက်နေ့တွင် စစ်ကိုင်း တိုင်းဒေသကြီး၊ ချောင်းဦး မြို့နယ်၊ သုံးပန်လှ ကျေးရွာ၌ စစ်တပ် ပါရာမော်တာ တစ်စီးသည် တိုက်ပွဲ ဖြစ်ပွားခြင်း မရှိဘဲ အရပ်သား နေထိုင်ရာ နေရာသို့ ဗုံးကြဲခဲ့ရာ ၁၂ နှစ်သား အရွယ် ယောကျာ်းလေး တစ်ဦး အပါအဝင် အရပ်သား သုံးဦး သေဆုံးခဲ့သလို အမျိုးသမီး တစ်ဦးနှင့် ငါးနှစ်သား မိန်းကလေး တစ်ဦးလည်း ဒဏ်ရာ ရခဲ့သည်။

## ခ။ ထူးခြား ဖြစ်စဉ်များ

၁၀။ မှတ်တမ်း ပြုစုထားသည့် ဖြစ်ရပ်များစွာ အနက် နေအိမ်၊ ကျေးရွာ၊ စာသင်ကျောင်းနှင့် စစ်ရှောင် ပြည်သူများ နေထိုင်ရာ စခန်းများအား စနစ်တကျ ပစ်မှတ်ထား တိုက်ခိုက်ခဲ့သည့် အတွက် နိုင်ငံအဝှမ်း၌ အရပ်သားများ နေ့တဓူဝ အကြောက်တရားဖြင့် နေထိုင်ရမှုနှင့် အရပ်သားများ၏ ဘေးကင်း လုံခြုံရေးနှင့် ဆက်စပ်သော ပုံစံတူ ဖြစ်စဉ်များကို ဖော်ပြသည့် ဥပမာ လေးခုကို ဤအစီရင်ခံစာတွင် တင်ပြထားပါသည်။

### ၁။ စီပါ ကျေးရွာ၊ ဘုတလင် မြို့နယ်၊ စစ်ကိုင်းတိုင်း

၁၁။ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ၊ ၁၇ ရက်နေ့ အစောပိုင်းတွင် စီပါ ကျေးရွာရှိ ရွာသူ ရွာသားများက ဗုဒ္ဓ ဘာသာ ထုံးတမ်းစဉ်အလာအရ နေ့ကြီးရက်ကြီး ပွဲတော် တစ်ရပ် ကျင်းပရန် ပြင်ဆင်နေချိန်တွင် မြန်မာ စစ်တပ်က ကျေးရွာအတွင်း ဝင်လာခြင်းကြောင့် ရွာသူရွာသားများ ရွာမှ ထွက်ပြေးခဲ့ရသည်။ ယင်းနောက် စစ်သားများသည် ကျေးရွာအတွင်း ကျန်ရှိနေသော၊ ရွာမှ မထွက်ပြေးနိုင်သူများကို အလျင်အမြန် ဖမ်းဆီးခဲ့ကာ ဖမ်းဆီးခံရသူများတွင် သက်ကြီး ရွယ်အိုနှင့် မသန်စွမ်းများလည်း ပါဝင်သည်။

၁၂။ စစ်တပ်သည် စီပါ ကျေးရွာမှ ဆုတ်ခွာသွားပြီးနောက် အောက်တိုဘာလ ၁၉ ရက်နေ့တွင် ရွာသူ ရွာသားများက နေရပ်ပြန်လာချိန်၌ "ရက်စက်စွာ သတ်ဖြတ်ခဲ့မှု"ကို မြင်တွေ့ခဲ့ကြောင်း ထုတ်ဖော် ပြောကြားကြသည်။ အရပ်သား ခြောက်ဦး အသတ်ခံခဲ့ရပြီး အချို့မှာ ခေါင်းနှင့် ရင်ဘတ်၌ သေနတ် ဒဏ်ရာ အပြင် အချို့မှာ ရက်စက်စွာ သတ်ဖြတ်ခံထားရသည့် ပုံစံဖြင့် သေဆုံးကြောင်း တွေ့ရသည်။ အမျိုးသား သုံးဦး၏ ရုပ်အလောင်းများမှာ ခေါင်းဖြတ်ခံထားရသလို ၎င်းတို့၏ ခန္ဓာ အစိတ်အပိုင်းများအား မီးရှို့ခြင်း၊ အစုလိုက် အပုံလိုက် ထားခြင်း၊ ရွာအနှံ့ ဖြန့်ကျက်ထားခြင်းကို မြင်တွေ့ခဲ့ကြောင်း မျက်မြင်သက်သေများက ဆိုကြသည်။ "သူတို့က ကိုယ်ခန္ဓာကို ကြက်ခုပ်သလို ခုပ်ခဲ့ကြတယ်။ ခေါင်းနဲ့ ခြေလက်တွေကို အပိုင်းပိုင်း ခုတ်ထစ်ပြီး ဗိုက်လည်း ဖောက်ခဲ့ကြတယ်။ ဖောက်ထုတ်ထားတဲ့ နှလုံးကိုလည်း ပန်းကန်ပေါ်မှာ ထားခဲ့တယ်။"ဟု ရွာသားတစ်ဦးက ပြောကြားခဲ့သည်။ OHCHR မှ လက်ခံရရှိထားသော ဓာတ်ပုံများ အရ ရက်ရက်စက်စက် သတ်ဖြတ်ထားသည့် အဖြစ်အပျက်များ ရှိခဲ့ကြောင်း အတည်ပြုပါသည်။ နေအိမ် ၂၀ ခန့်ကိုလည်း မီးရှို့ခဲ့သည်။ ထိုဖြစ်ရပ် ဖြစ်ပွားပြီးနောက် ၎င်းကျေးရွာမှာ ပုံမှန် အခြေအနေသို့ ပြန်မရောက်နိုင်ဘဲ

ဤအစီရင်ခံစာ တင်သွင်းသည့် ကာလအတွင်း ရွာသူရွာသား အများစုမှာ နေရပ် မပြန်နိုင်ဘဲ နေရပ်စွန့်ခွာ တိမ်းရှောင်နေရဆဲ ဖြစ်ကြောင်း တွေ့ဆုံမေးမြန်းစဉ် ပြောကြားခဲ့သည်။

၁၃။ ထိုလုပ်ရပ်အား အနောက်မြောက်တိုင်း စစ်ဌာနချုပ်မှ စစ်သားများက ကျူးလွန်ခဲ့ကြောင်း မျက်မြင် သက်သေများက ဆိုခဲ့သော်လည်း စစ်တပ်သည် ထိုကျေးရွာသို့ ဝင်ရောက် စီးနင်းခဲ့သည်ကို အတည်ပြုကြောင်း၊ သို့သော် ၎င်းသတ်ဖြတ်မှုနှင့် စပ်လျဉ်း၍ စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အုပ်စုများက "၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ၊ ၁၈ ရက်နေ့တွင် ၎င်းကျေးရွာသို့ ပြန်ဝင်ကာ စစ်တပ် သတင်းပေးဟု စွပ်စွဲ၍ ပြစ်ဒဏ်ပေးသည့် သဘောဖြင့် ရွာသူရွာသား ခြောက်ဦးအား ရက်စက်စွာ သတ်ဖြတ်ခြင်း ဖြစ်ကြောင်း" ပြောဆိုပြီး အဆိုပါ သတ်ဖြတ်မှုများ အပေါ် တာဝန် ရှိသည်ဟူသော စွပ်စွဲချက်များကို ငြင်းဆိုကြောင်း မြန်မာ စစ်တပ်ဘက်မှ OHCHR ကို အတည်ပြု ပြောကြားခဲ့သည်။ အမျိုးသား ညီညွတ်ရေး အစိုးရ၏ ပြောဆိုချက် အရ "တပ်မ ၃၃ လက်အောက်ခံ ခြေမြန် တပ်ရင်း ၈၉ မှ စစ်သားများသည်" ထိုဖြစ်ရပ် အတွက် တာဝန်ရှိပြီး အနီးအနားရှိ အိုင်ပေါင်းချောင် ကျေးရွာ၌ အောက်တိုဘာ၊ ၁၈ ရက်နေ့နှင့် စိုင်ပြင်လေး ကျေးရွာ၌ အောက်တိုဘာလ၊ ၁၉ ရက်နေ့ သတ်ဖြတ်မှု အတွက်လည်း တာဝန် ရှိကြောင်း ဖော်ပြခဲ့သည်။

## ၂။ လက်ပန်လှ ကျေးရွာ၊ စဉ့်ကူး မြို့နယ်၊ မန္တလေးတိုင်း

၁၄။ ၂၀၂၅ ခုနှစ်၊ မတ်လ၊ ၁၄ ရက်နေ့တွင် လက်ပန်လှ ကျေးရွာ၌ ဒေသဈေး တစ်ခု အပေါ် မြန်မာ စစ်တပ်က လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ကလေး သုံးဦး အပါအဝင် အရပ်သား ၂၇ ဦး ထက်မနည်း သေဆုံးခဲ့သလို အရပ်သား ၃၀ ခန့် ဒဏ်ရာရခဲ့ကာ သေဆုံးသူ ကလေးများတွင် အသက် နှစ်နှစ် အရွယ် ကလေးလည်း ပါဝင်ခဲ့သည်။

၁၅။ မျက်မြင်သက်သေများ၏ အဆိုအရ ဂျက်တိုက်လေယာဉ် တစ်စီးသည် လူစည်ကားသော ဈေးတစ်ခု အပေါ်သို့ လေကြောင်းမှ ပေါင် ၅၀၀ ဗုံး နှစ်လုံး မကြဲချမီ အနီးတဝိုက်တွင် ဝဲပျံခဲ့သည်။ မျက်မြင် သက်သေတစ်ဦးက "လေယာဉ်က ကြိမ်ဖန်များစွာ ကောင်းကင်ကနေ ဒိုင်ဗင်ထိုးချလိုက် ပြန်တက်သွားလိုက်နဲ့ ဝဲပျံနေပုံကို ကြည့်ပြီး သူတို့ ဗုံးကြဲမယ် ဆိုတာ ကျွန်တော် သိခဲ့တယ်။"ဟု ဆိုခဲ့သည်။ တွေ့ဆုံမေးမြန်းစဉ် ပြောကြားချက်များ အရ လေယာဉ်မှ ဗုံးကြဲပြီးနောက် ဈေးတန်းများ မီးလောင်ခဲ့ကာ လူအများ အော်ဟစ်သံများနှင့် ပရမ်းပတာ ဖြစ်ခဲ့ကြောင်း ဖော်ပြခဲ့သည်။ တွေ့ဆုံ မေးမြန်းခံရသူ တစ်ဦးက "ရုပ်အလောင်း တချို့က ဗိုက်ပွင့်နေပြီး တခြား ရုပ်အလောင်းတွေက ဗုံးစ ဒဏ်သင့်လို့ ကျောမှာ အပေါက်ကြီး ဖြစ်နေတယ်။ မီးတောက်မီးလျှံတွေကြားမှာ အလောင်းတွေနဲ့ ကိုယ်ခန္ဓာ အစိတ်အပိုင်းတွေကို တွေ့နိုင်တယ်။"ဟု ဆိုခဲ့သည်။

၁၆။ ထိုသို့ ဗုံးကြဲတိုက်ခိုက်ချိန်တွင် ထိုဒေသ၌ စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အုပ်စုများ မရှိကြောင်း တွေ့ဆုံမေးမြန်ခံရသူများက ပြောကြားခဲ့သည်။ မြန်မာ စစ်တပ်သည် ပြည်သူလူထု အကြား အကြောက်တရား ကြီးစိုးစေရန်နှင့် စစ်တပ်၏ အင်အားကြီးသော ပစ်စွမ်းအားကြောင့် ခုခံ တော်လှန်နေသူများ၏ စိတ်ဓာတ် ကျဆင်းစေရန် ရည်ရွယ်၍ လေတပ် အင်အားကို အသုံးပြုကာ အရပ်သား ပစ်မှတ်များ အပေါ် ဗုံးကြဲလေ့ရှိသည့် လုပ်ရပ်သည် ယခင် ကတည်းက ကျင့်သုံးနေသော အမူအကျင့် ဖြစ်ပြီး ယခု လေကြောင်း တိုက်ခိုက်မှုများက ထိုအမူအကျင့်အား ပြသနေသည်။ ဤသို့ လေကြောင်းတိုက်ခိုက်မှု ပြုခဲ့သည့် နေရာသည် နိုင်ငံပိုင် အဝေးပြေး လမ်းမကြီး အမှတ် ၃၁ အနီးတွင် တည်ရှိရာ "မိုးကုတ်သို့ သွားမည့် ခရီးသည်များ အစားအသောက် ဝယ်စားရန် ရပ်နားသည့် ဘတ်စ်ကား အများအပြား ရှိရာ နေရာ ဖြစ်ပြီး အလွန် လူစည်ကားရာ နေရာ ဖြစ်ကြောင်း" ရွာသားများက မှတ်ချက်ပေးခဲ့သည်။ ယင်းကိစ္စရပ်နှင့် ဆက်စပ်၍ OHCHR က သဘောထား မှတ်ချက်ပေးရန် တောင်းခံခဲ့သော်လည်း မြန်မာ စစ်တပ်သည် ၎င်းတိုက်ခိုက်မှုနှင့် ဆက်စပ်၍ မည်သည့် အချက်အလက်မျှ မပေးခဲ့ပေ။

### ၃။ အိုးထိန်းကွင်း ကျေးရွာ၊ ဒီပဲယင်း မြို့နယ်၊ စစ်ကိုင်းတိုင်း

၁၇။ ၂၀၂၅ ခုနှစ်၊ မေလ၊ ၁၂ ရက်နေ့၊ နံနက် ၉ နာရီခွဲ အချိန်ခန့်တွင် စာသင်ကျောင်း အပေါ်သို့ လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းကြောင့် မိန်းကလေး ၁၆ ဦး၊ ယောကျာ်းလေး ခြောက်ဦးနှင့် ကျောင်းဆရာမ နှစ်ဦး အပါအဝင် အရပ်သား ၂၄ ဦး သေဆုံးခဲ့ကာ ဒါဇင်နှင့်ချီ၍ လူအများအပြား ဒဏ်ရာ ရခဲ့သည်။ တိုက်လေယာဉ် တစ်စီးသည် ထိုကျေးရွာ အပေါ်သို့ ဗုံးနှစ်လုံး ကြဲချခြင်း မပြုမီ ၎င်းကျေးရွာအနီး ဝဲပျံနေခဲ့ကြောင်း၊ ဗုံးတစ်လုံးမှာ သစ်ပင်အပေါ် ကျရောက်ခဲ့ပြီး နောက်တစ်လုံးမှာ စာသင်ကျောင်း အပေါ် ကျရောက်ပေါက်ကွဲခဲ့ကြောင်း မျက်မြင်သက်သေများ၏ ပြောဆိုချက် အရ သိရသည်။ “စာသင်ကျောင်းရဲ့ ခေါင်မိုးက လုံးဝ မရှိတော့ဘဲ ကျောင်းနံရံတွေ အတော်များများ ထိခိုက် ပျက်စီးခဲ့တယ်။ စာသင်ခန်း လေးခန်း ရှိပြီး အခန်း အကုန်လုံး ပျက်စီးတာမှာ နောက်ဆုံး စာသင်ခန်းကတော့ ခေါင်မိုးဘဲ ကျန်တယ်။”ဟု မျက်မြင်သက်သေ တစ်ဦးက ပြောကြားခဲ့သည်။ OHCHR မှ လက်ခံ ရရှိခဲ့သော ဓာတ်ပုံနှင့် ဗီဒီယို မှတ်တမ်းများ အပေါ် လေ့လာဆန်းစစ်ချက်သည် မျက်မြင် သက်သေများ၏ ထွက်ဆိုချက်များနှင့် ကိုက်ညီမှု ရှိပါသည်။

၁၈။ သတင်း ရင်းမြစ်များက စစ်လေယာဉ်သည် မိတ္ထီလာ လေတပ် စခန်းမှ ထွက်ခွာခဲ့ကြောင်း ဖော်ပြကြကာ ၎င်းတိုက်ခိုက်မှုအား စစ်တပ်က ကျူးလွန်ခဲ့ကြောင်း အတည်ပြု ဖော်ပြခဲ့သည်။ သို့သော် စစ်တပ်နှင့် ဆက်နွယ်သော သတင်းရင်းမြစ်များက လေကြောင်း တိုက်ခိုက်မှု မရှိခဲ့ကြောင်း ငြင်းဆန်ကာ စာသင်ကျောင်းအား မြေမြုပ်မိုင်း ထုတ်လုပ်သည့် စက်ရုံ အဖြစ် အသုံးပြုခြင်းကြောင့် စာသင်ကျောင်း ပေါက်ကွဲပျက်စီးရခြင်း ဖြစ်သည်ဟု အထောက်အထား မရှိဘဲ မှတ်ချက်ပေးခဲ့သည်။ အခြား တစ်ဖက်တွင်မူ ယုံကြည်စိတ်ချရသော သတင်းရင်းမြစ်များမှ ပေါက်ကွဲမှု ဖြစ်ပွားခဲ့သည့် နေရာတွင် တွေ့ရသော အကြွင်းအကျန်များ၏ ဓာတ်ပုံ မှတ်တမ်းများအား ဆန်းစစ်လေ့လာချက် အရ အခြား လေကြောင်း တိုက်ခိုက်မှုများတွင် တွေ့ရသည့် ပဲ့ထိန်းစနစ် မပါသော လေကြောင်းမှ ကျရောက်ပေါက်ကွဲတတ်သော လက်နက်၏ ပုံပျက်နေသော တောင်ပံ နှစ်ခုအား တွေ့ရှိခဲ့သည်။[6] ထိုသို့ ဗုံးကြဲတိုက်ခိုက်ချိန်တွင် စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့ တစ်ဖွဲ့မှ ရွာအတွင်း၌ မရှိကြောင်း တွေ့ဆုံ မေးမြန်းခံရသူများက အတည်ပြု ပြောကြားခဲ့သည်။

၁၉။ ထိုသို့ တိုက်ခိုက်မှု၏ ရည်ရွယ်ချက်ကို ရှင်းလင်းစွာ မသိရသေးသော်လည်း မြန်မာ စစ်တပ်သည် ပြည်သူလူထု တစ်ရပ်လုံး အကြောက်တရား ကြီးစိုးစေရန် ရည်ရွယ်၍ စာသင်ကျောင်း အပါအဝင် ပြည်သူ့ အုပ်ချုပ်ရေး ယန္တရား လည်ပတ်ရာ နေရာများကို အဓိက ပစ်မှတ်ထား၍ ပုံမှန် ပစ်ခတ် တိုက်ခိုက်လေ့ရှိကြောင်း သတင်းရင်းမြစ်များက ညွှန်ပြနေသည်။ ၂၀၂၀ ခုနှစ်မှ စ၍ စာသင်ကျောင်းများ အပေါ်သို့ မြန်မာ စစ်တပ်၏ ပစ်ခတ်တိုက်ခိုက်မှုပေါင်း အကြိမ် ၆၄၀ ကျော် ရှိကြောင်း ပုံစံတူ ဖြစ်ရပ်များက ဖော်ပြနေသည်။[7] အကျိုးဆက်အနေဖြင့် အမျိုးသား ညီညွတ်ရေး အစိုးရသည် ကလေးသူငယ်များ နောက်ထပ် သေဆုံးမှုအား တားဆီး ကာကွယ်သည့် အနေဖြင့် ၎င်းတို့ ထိန်းချုပ်ရာ နယ်မြေ အတွင်းရှိ စာသင်ကျောင်း အမြောက်အများကို ပိတ်သိမ်းခဲ့ရသည်။

### ၄။ လအီ ကျေးရွာ၊ ဖယ်ခုံ မြို့နယ်၊ ရှမ်းပြည်နယ်

၂၀။ မြန်မာ စစ်တပ်သည် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလနှင့် ၂၀၂၅ ခုနှစ်၊ မေလ အတွင်း ရှမ်းနှင့် ကယား ပြည်နယ်ကြားတွင် တည်ရှိသည့် “ဘန်ကောက် စခန်း” ဟု လူသိများသော စစ်ဘေးရှောင် ပြည်သူများ နေထိုင်ရာ စခန်း တစ်ခုအား သုံးကြိမ်တိုင်တိုင် လေကြောင်းမှ ဗုံးကြဲ တိုက်ခိုက်ခဲ့သည်။ လက်ဝယ် ရရှိသော သတင်း အချက်အလက်များ အပေါ် ဆန်းစစ်လေ့လာချက် အရ ၎င်းဗုံးကြဲ

[6] https://www.info-res.org/reports/conflicting-claims-an-analysis-of-the-tabayin-school-airstrike/
[7] https://data.humdata.org/dataset/63605720-f0da-454d-89a6-552f1acc3a53/resource/7203e9a6-daa7-4eb5-9f88-0d03c9bc284a/download/2020-2025-mmr-education-in-danger-incident-data.xlsx

တိုက်ခိုက်မှုအား တရားဘောင်ဝင်စေရန် လက်ခံနိုင်သော စစ်ရေး ရည်မှန်းချက် မရှိသည့် အပြင် ၎င်းဒုက္ခသည် စခန်း အနီးတဝိုက်တွင် တိုက်ပွဲ ဖြစ်ပွားခြင်း သို့မဟုတ် စစ်တပ် ဆန့်ကျင်သော လက်နက်ကိုင် အုပ်စုများ တည်ရှိခြင်း စသည့် အခြေအနေမျိုးလည်း မရှိပေ။ OHCHR သည် စစ်တပ် ထံမှ သတင်း အချက်အလက်များ တောင်းခံခဲ့သော်လည်း စစ်တပ်က မည်သည့် တုံ့ပြန်ချက်မျှ မပေးခဲ့ပေ။

၂၁။ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ၊ ၅ ရက်နေ့၊ ည ၉ နာရီခန့်တွင် ပေါင် ၅၀၀ ဗုံး ၂ လုံးကို အရပ်သားများ နေထိုင်ရာ နေရာအပေါ် လေကြောင်းမှ ကြဲချခြင်းကြောင့် အရပ်သား သေဆုံး ဒဏ်ရာရမှု အမြင့်ဆုံး ဖြစ်ပွားခဲ့သော ဤဖြစ်ရပ်တွင် အမျိုးသမီး သုံးဦး၊ မိန်းကလေး သုံးဦးနှင့် ယောကျာ်းလေး သုံးဦး အပါအဝင် အရပ်သား ကိုးဦးထက် မနည်း သေဆုံးခဲ့ပြီး အယောက် ၃၀ နီးပါး ဒဏ်ရာ ရခဲ့သည်။ မျက်မြင် သက်သေများမှ စုဆောင်းရရှိသော ဓာတ်ပုံ မှတ်တမ်းများ အရ ဗုံးကြဲရာ နေရာတွင် သိသာထင်ရှားသော အပျက်အစီး ဆုံးရှုံးမှုနှင့် ကြီးမားသော ဗုံးကျင်းရာများကိုလည်း တွေ့ရှိရသည်။ အိမ်ခြေ ၅၀ ခန့် ထိခိုက်ပျက်စီးခဲ့သော်လည်း ရပ်ရွာဒေသ အတော်များများတွင် လေကြောင်းမှ ဗုံးကြဲ တိုက်ခိုက်ခံရမည့် အန္တရာယ်ကို စိုးရိမ်သော ဒေသခံ မိသားစုများသည် မြေအောက် ဗုံးခိုကျင်းများတွင် အိပ်စက်ကြသောကြောင့် ဒဏ်ရာရ သေဆုံးသူ အရေအတွက်မှာ အနည်းအကျဉ်းမျှသာ ရှိကြောင်း သိရသည်။

၂၂။ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ၊ ၁၈ ရက်နေ့တွင် စစ်လေယာဉ် နှစ်စင်းမှ ဗုံးလေးလုံး ကြဲချခဲ့ခြင်းကြောင့် ဒုက္ခသည် စခန်းရှိ ဒေသခံ ကက်သလစ် ရဟန်း၏ နေအိမ်နှင့် ဘုရားကျောင်း တစ်ကျောင်း ပျက်စီးခဲ့ကာ အရပ်သား တစ်ဦး သေဆုံးပြီး ပတ်ဝန်းကျင်တွင် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်။ ဒေသခံ သတင်းရင်းမြစ်များ အရ လေကြောင်းမှ ဗုံးကြဲပြီးနောက်တွင် စစ်တပ် ထောက်ခံသူများ၏ လူမှုကွန်ရက် အကောင့်များမှ စခန်းတွင် ကူညီစောင့်ရှောက်ပေးသော ကက်သလစ် ရဟန်းတစ်ပါးအား ပစ်မှတ်ထား၍ အသက် အန္တရာယ် ခြိမ်းခြောက်သည့် စာများကို ကြိမ်ဖန်များစွာ ပို့ခဲ့ကြောင်း သိရသည်။ ၂၀၂၅ ခုနှစ်၊ မေလ၊ ၁၄ ရက်နေ့တွင် စစ်တပ်သည် လေကြောင်းမှ ဗုံးကြဲ တိုက်ခိုက်မှုအား နောက်တစ်ကြိမ် ကျူးလွန်ခဲ့သည်။ ဗုံးမကြဲမီ ကင်းထောက် ဒရုန်းများနှင့် လေယာဉ် တစ်စီးဖြင့် ထိုဒေသအပေါ်မှ လှည့်လည်ကင်းထောက်ခဲ့ကြောင်း၊ ထိုသို့ ဗုံးကြဲခြင်းကြောင့် ကျောင်းဆောင်များ အဖြစ် အသုံးပြုသော အဆောက်အအုံ နှစ်ခုလည်း ထိခိုက်မှု ရှိခဲ့သလို အရပ်သား တစ်ဦးလည်း ဒဏ်ရာ ရရှိခဲ့ကြောင်း  သတင်း ရင်းမြစ်များက ဖော်ပြခဲ့သည်။ ဤစခန်းအား ကြိမ်ဖန်များစွာ ဗုံးကြဲခြင်းကြောင့် လူအများအပြားမှာ အခြား နေရာများတွင် ပြောင်းရွှေ့နေထိုင်ရန် ဆုံးဖြတ်ခဲ့ကြရာ ပထမ အကြိမ် ဗုံးမကြဲမီ စခန်း လူဦးရေ ၆၀၀ ကျော် ရှိခဲ့သော်လည်း တတိယ ကြိမ် ဗုံးကြဲပြီးချိန်တွင် စခန်း လူဦးရေ ၂၅၀ သာ ကျန်ရှိခဲ့ကြောင်း သိရသည်။[8]

## ဂ။ စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အုပ်စုများ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများ

၂၃။ မြန်မာ စစ်တပ်၏ လူ့အခွင့်အရေး ချိုးဖောက်သည့် အတိုင်းအတာ၊ နယ်ပယ်၊ ပြင်းထန်မှု၊ ရက်စက်မှုတို့နှင့် နှိုင်းယှဉ်၍ မရသော်လည်း စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အုပ်စုများမှ ကျူးလွန်ခဲ့သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ဆက်စပ်၍ သတင်းရင်းမြစ်များစွာက စိုးရိမ်စွာ ထုတ်ဖော်ပြောကြားခဲ့သည်။ စဉ်ဆက်မပြတ် ဆက်သွယ်ရေးလိုင်းများ ပြတ်တောက်မှု၊ လုံခြုံရေး

[8] https://karennihumanrights.org/wp-content/uploads/2024/09/KnHRG-Statement-Condemning-Airstrike-in-Pekon-1.pdf

ဆိုင်ရာ စိုးရိမ်ပူပန်ဖွယ်ရာ အခြေအနေများနှင့် စစ်တပ် ဆန့်ကျင်ရေး အုပ်စုများက မီဒီယာ အပေါ် ထိန်းချုပ်ပိတ်ပင်မှု အချို့ကြောင့် OHCHR အနေဖြင့် သတင်းများအား ဆန်းစစ် အတည်ပြုရေး လုပ်ငန်းတွင် အခက်အခဲများ ကြုံတွေ့ခဲ့ရသည်။ အခါအားလျော်စွာ ရရှိသည့် သတင်းများ အရ စစ်တပ် ဆန့်ကျင်ရေး အုပ်စုများသည် စာသင်ကျောင်း ကဲ့သို့ အရပ်ဘက် အဆောက်အအုံများအား ပစ်မှတ်ထား တိုက်ခိုက်ခြင်း၊ တိုက်ခိုက်မှုများ မပြုမီ အရပ်သားများအား တသမတ်တည်း ကြိုတင် သတိပေးမှု မပြုခဲ့ခြင်းနှင့် လမ်းဘေးတွင် မြေမြှုပ်မိုင်းများ အသုံးပြုခြင်းနှင့် အဝေးထိန်း ဗုံးများဖြင့် အသုံးပြု တိုက်ခိုက်ခြင်းတို့ ရှိကြောင်း သိရှိရပါသည်။ မြန်မာ စစ်တပ်မှ ပို့ပေးသော သတင်း အချက်အလက်များအား သီးခြား ဆန်းစစ် အတည်ပြုခြင်း မပြုရသေးသော်လည်း ၎င်းတို့ အဆိုအရ စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့များက အာဏာသိမ်းပြီးနောက် မြို့နယ် အသီးသီးတွင် “ကလေးသူငယ် ၃၃၀ ဦး၊ ဆရာ/ ဆရာမ ၁၁၂ ဦး၊ ကျန်းမာရေး လုပ်သား ၂၄ ဦး၊ ရဟန်း ၁၂၁ ပါး၊ သီလရှင် ၂ ပါးနှင့် အထွေထွေ အုပ်ချုပ်ရေးမှူး ၁,၂၀၈ ဦး အပါအဝင် အရပ်သား ၈,၈၇၈ ဦးကို သတ်ဖြတ်ခဲ့ကြောင်း” စွပ်စွဲထားသည်။

၂၄။ စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အုပ်စုများသည် စစ်တပ်နှင့် ဆက်နွယ်သည်ဟု သံသယ ရှိသူများ၊ အထူးသဖြင့် အစိုးရ ဝန်ထမ်းများကို ၎င်းတို့၏ နေအိမ်၊ လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင်များတွင် သတ်ဖြတ်သည့် အလေ့အထမှာ စိုးရိမ်စဖွယ် တိုးပွားလာနေပါသည်။ စစ်တပ် ဆန့်ကျင်ရေး အုပ်စုများသည် ထိုသတ်ဖြတ်မှုများ အတွက် တာဝန် ရှိကြောင်း ထုတ်ဖော် ကြေညာလေ့ရှိပြီး တိုင်းဒေသကြီး၊ ပြည်နယ် ရုံးစုခွဲ ဘာသာရေး ဆိုင်ရာ ပုဂ္ဂိုလ်များ အပါအဝင် အုပ်ချုပ်ရေးမှူးများ၊ ၎င်းတို့၏ မိသားစုဝင်များနှင့် အခြား အရပ်သားများသည် စစ်တပ်ဆန့်ကျင်ရေး လက်နက်ကိုင် အုပ်စုများ၏ သတ်ဖြတ်မှု ခံရသည့် သတင်း အစီရင်ခံချက် ၁၆၉ ပုဒ်ကို OHCHR မှ လက်ခံရရှိခဲ့ပါသည်။ ထိုသို့ သတ်ဖြတ်မှုများသည် ပဲခူး၊ မကွေးနှင့် မန္တလေးတိုင်းတွင် အများဆုံး ဖြစ်ပွားကြောင်း သိရသည်။ ၂၀၂၅ ခုနှစ်၊ ဖေဖဝါရီလ၊ ၁၇ ရက်နေ့၌ စစ်ကိုင်းတိုင်း၊ ရွှေဘို မြို့နယ်၊ ကန်ကြီး ကျေးရွာ၌ ဖြစ်ပွားခဲ့သော အထင်ကရ ဖြစ်ရပ် တစ်ခုတွင် ကက်သလစ် ဘုန်းတော်ကြီး တစ်ပါးအား စစ်တပ် ဆန့်ကျင့်ရေး လက်နက်ကိုင် အုပ်စုဝင်များက စစ်တပ် သတင်းပေးဟု စွပ်စွဲကာ လုစ်မယ်တော် သခင်မ ဘုရားကျောင်းတွင် ဓားဖြင့် ခုတ်သတ်ခဲ့ကြသည်။ အမျိုးသား ညီညွတ်ရေး အစိုးရက OHCHR အား အကြောင်းပြန်ရာတွင် “စွပ်စွဲခံရသည့် ကျူးလွန်သူများအား ရွှေဘို ခရိုင်ရှိ PDF တပ်ရင်း အမှတ် ၅ မှ ဖမ်းဆီးထိန်းသိမ်းထားကြောင်း၊” ထိုသတ်ဖြတ်မှုအား စုံစမ်းစစ်ဆေးရန် ယာယီ တရားရုံး တစ်ခု ဖွဲ့စည်းထားကြောင်း ဖော်ပြခဲ့သည်။ ဤအစီရင်ခံစာ တင်သွင်းချိန် အထိ ၎င်းတရားရုံးက ထိုအမှုအတွက် စီရင်ချက် မချရသေးပေ။

၂၅။ သတင်းများတွင် ဖော်ပြသော အခြား ဖြစ်ရပ်များတွင် စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အုပ်စုများမှ ဖမ်းဆီးထိန်းသိမ်းထားသော လူပုဂ္ဂိုလ်များ၏ သေဆုံးမှုနှင့် ညှင်းပန်းနှိပ်စက်မှုများ၊ မြေမြှုပ်မိုင်းများအား တွယ်ကျယ်စွာ အသုံးချမှု၊ သယံဇာတ အရင်းအမြစ်များ တူးဖော်မှုကို ငြိမ်းချမ်းစွာ ဆန့်ကျင်ဆန္ဒပြသော ပြည်သူများအား အကြမ်းဖက် ဖိနှိပ်မှုနှင့် မြေယာ သိမ်းဆည်းမှုတို့ ပါဝင်သည်။ အမျိုးသား ညီညွတ်ရေး အစိုးရ ထိန်းချုပ်မှုအောက်ရှိ နယ်မြေများနှင့် ပတ်သက်သည့် တိုင်ကြားချက်များကိုလည်း လက်ခံရရှိခဲ့ပြီး ယင်းတွင် ဒေသခံ လုံခြုံရေး တပ်ဖွဲ့များမှ အကျင့်ပျက် ခြစားမှု ဆိုင်ရာ စွပ်စွဲချက် အမြောက်အများနှင့် အခွင့်အာဏာ အလွဲသုံးစားမှု ဖြစ်စဉ်များလည်း ပါဝင်ပါသည်။

## ဃ။ အခြား လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် စပ်ဆက်သော ကာကွယ်စောင့်ရှောက်မှု ဆိုင်ရာ စိုးရိမ်ဖွယ်ရာများ

၂၆။ ထို့အပြင် လက်နက်ကိုင် တိုက်ပွဲများ ပြင်းထန်စွာ ဆက်လက် ဖြစ်ပွားနေသည့် ဒေသများ၊ အထူးသဖြင့် တိုင်းရင်းသား လူနည်းစု အသိုက်အဝန်းများ တည်ရှိရာ ဒေသများရှိ အရပ်သား ပြည်သူ လူထုသည် လူ့အခွင့်အရေး ချိုးဖောက်မှုများ၊ အလွဲသုံးစားပြုမှု ပုံစံ အမျိုးမျိုး ခံစားရသည့် အပြင် စစ်မှုထမ်း ခေါ်ဆောင်ခြင်း၊ အဓမ္မ လူသစ် စုဆောင်းခြင်း၊ တရားလက်လွှတ် ဖမ်းဆီး ချုပ်နှောင်ခြင်း၊ လိင်အကြမ်းဖက်မှု၊ သဘာဝ ကပ်ဘေး ကြုံရချိန်၌ လူသားချင်း စာနာထောက်ထားမှု အကူအညီများ တားမြစ် ပိတ်ပင်ခြင်း၊ စားနပ်ရိက္ခာ မဖူလုံခြင်း သာမက အခြေခံ ဝန်ဆောင်မှုများ မရှိခြင်းနှင့် မလုံလောက်သော လူနေမှု အခြေအနေများကြောင့် ကူးစက်တတ်သော ရောဂါများ ပြန့်ပွားခြင်း အပါအဝင် အခြား ဆက်စပ်သော ဘေးကင်းလုံခြုံမှု ဆိုင်ရာ အန္တရာယ်များအား ရင်ဆိုင်နေရသည်။ ကျားဖြန့် ငွေလိမ်ဂိုဏ်းများနှင့် ဆက်စပ်သည့် လူကုန်ကူးမှု ဖြစ်စဉ်များ တိုးလာသည် သဖြင့် အထူး စိုးရိမ်ဖွယ်ရာ ဖြစ်သည်။ စစ်တပ် အာဏာသိမ်းပြီးနောက် အမြစ်တွယ်နေသော ဖြစ်ရပ်များ ဖြစ်သည့် ပြစ်ဒဏ်ကျူးလွန်သူများအား အရေးမယူခြင်း၊ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားနေသော အကျင့်ပျက် ခြစားမှုနှင့် တရားဥပဒေ စိုးမိုးမှု အားနည်းခြင်းတို့ကြောင့် ငွေလိမ်လုပ်ငန်းများ ဖြစ်တည်လာရခြင်း ဖြစ်သည်။ ထို့ကြောင့် နိုင်ငံဖြတ်ကျော် ရာဇဝတ်ဂိုဏ်း ကွန်ရက်များမှ အရပ်သား ပြည်သူများ အပေါ် သက်ရောက်မှုများကို ဆက်လက် လေ့လာစုံစမ်းရန် လိုအပ်ပါသည်။

၂၇။ လူငယ် ၆၅,၀၀၀ ခန့် အဓမ္မ စစ်သား ခေါ်ဆောင်ခြင်း ခံနေရသည့် စစ်မှုထမ်း ခေါ်ယူမှု အကြိမ်ကြိမ် ပြုလုပ်ခြင်းကြောင့် ဘေးကင်းလုံခြုံမှု ဆိုင်ရာ စိုးရိမ်ပူပန်မှုများ တဟုန်ထိုး တိုးလာကာ ကြောက်ရွံ့မှု၊ နေရပ်စွန့်ခွာ ထွက်ပြေးရမှု၊ ဂျန်ဒါနှင့် လူမှု စီးပွားဆိုင်ရာ ဆိုးကျိုး သက်ရောက်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားလာသည်။ မိသားစု အများအပြားသည် ၎င်းတို့၏ ထုံးတမ်း အစဉ်အလာ အရ ဝင်ငွေရှာပေးသူများ ဖြစ်သော ခင်ပွန်းနှင့် သားများ မရှိခြင်းကြောင့် အလွန် ပင်ပန်းပြီး လစာ နည်းသော အလုပ်များဖြင့် ဝင်ငွေရ အသက်မွေး ဝမ်းကြောင်း အတွက် မိခင်၊ အိမ်ထောင်ရှင်မနှင့် သမီးများအပေါ် အားကိုးအားထား ပြုခဲ့ရသည်။[9]

၂၈။ စစ်သား စုဆောင်းခံရမည်ကို စိုးရိမ်ကြောက်ရွံ့သဖြင့် လူငယ် အများအပြားသည် စစ်တပ် ထိန်းချုပ်မှုနောက်တွင် မရှိသော ဒေသများနှင့် ပြည်ပနိုင်ငံများသို့ ထွက်ပြေးတိမ်းရှောင်ကြပြီး ထိုသို့ တိမ်းရှောင်ခြင်းကြောင့် မိသားစု တစ်ရပ်လုံး လက်တုံ့ပြန်ခံရမည်ကို စိုးရိမ်ကြောက်ရွံ့ကြရသလို ၎င်းတို့၏ မိသားစု သက်မွေးဝမ်းကြောင်း လုပ်ငန်းနှင့် ဒေသတွင်း လူမှု ဆက်ဆံရေး အပေါ်လည်း သက်ရောက်မှု ရှိခဲ့သည်။ စစ်တပ်သည် ကျေးရွာအတွင်း ဝင်ရောက်လာပြီး ရွာမှ အမျိုးသားများကို လိုက်လံ ဖမ်းဆီးကာ တရားလက်လွှတ် ချုပ်နှောင်ခြင်း၊ စစ်မှုထမ်းသက် ပြည့်သူများအား ဖမ်းဆီးပြီး စစ်မှုထမ်းသက် ကျော်လွန်သူများအား ပြန်လွှတ်ခြင်း၊ အဖမ်းခံရသူများအား စစ်တပ် စခန်းများသို့ ပို့ဆောင်ခြင်း သို့မဟုတ် ပေါ်တာ အဖြစ် အဓမ္မ ခိုင်းစေသလို အခြား တာဝန်များ ပေး၍ အဓမ္မ ခိုင်းစေခဲ့သည်။ စစ်မှု မထမ်းလိုပါက သို့မဟုတ် စစ်မှုထမ်း အဖြစ် ခေါ်ဆောင်ခြင်း ခံရသော မိသားစုဝင်များအား ပြန်ရွေးလိုပါက မြန်မာ စစ်တပ်သည် အရပ်သားများအား ကျပ်ငွေ သိန်း ၇၀ မှ သိန်း ၁၀၀ (အမေရိကန် ဒေါ်လာ ၃,၃၀၀ မှ ၄,၇၀၀ တန်ဖိုး) အထိ ခြိမ်းခြောက် ငွေညှစ်နေကြောင်း တွေ့ဆုံ မေးမြန်းခံရသူများက အစီရင်ခံ ဖော်ပြကြသည်။ စစ်မှုထမ်း အဖြစ် ခေါ်ဆောင်ခြင်း ခံရသူများသည် ပညာရေးနှင့် အလုပ်အကိုင် အခွင့်အလမ်း ရရှိခွင့် ဆုံးရှုံးသဖြင့် ၎င်းတို့၏ အနာဂတ်များ ပျောက်ဆုံးပြီဟု ခံစားကြကာ ၎င်းတို့ အပေါ် စိတ်ကျန်းမာရေး ဆိုင်ရာ ဆိုးကျိုး သက်ရောက်မှုများ ရှိကြောင်း အစီရင်ခံ ဖော်ပြကြသည်။

---

[9] https://ndburma.org/the-enlistment-of-women-gendered/

၂၉။ ကချင်၊ ရှမ်းနှင့် ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများသည်လည်း အဓမ္မ စစ်သား စုဆောင်းမှု ရှိသောကြောင့် အရပ်သားများ၏ စိုးရိမ်ပူပန်မှုများ မြင့်တက်ခဲ့သည်။ စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့များသည် လူသစ် စုဆောင်းမှု ယန္တရားများအား ရေးဆွဲပြီး အိမ်ထောင်စု အလိုက် အချိုးအစားဖြင့် လူသစ် စုဆောင်းမှုအား ထုတ်ပြန်ဖော်ဆောင်ကာ လူသစ် စုဆောင်းမှု စည်းကမ်းအား ရှောင်ရှားသည့် မိသားစု သို့မဟုတ် ရပ်ရွာလူထုကို အရေးယူကြောင်း တွေ့ဆုံ မေးမြန်းခံရသူများက ဖော်ပြခဲ့ကြသည်။ ထိုသို့သော စစ်သား စုဆောင်းရေး မူဝါဒများသည် အဓိကအားဖြင့် ၎င်းတို့နှင့် တိုင်းရင်းသား လူမျိုးချင်းတူသော ပြည်သူများကို ဦးတည်ပုံရသော်လည်း စုဆောင်းရေး သတ်မှတ်ချက် ပြည့်မီစေရန် အခြား တိုင်းရင်းသား လူမျိုးစုများမှ လူပုဂ္ဂိုလ်များအား အဓမ္မ စုဆောင်းသည့် ဖြစ်ရပ်များလည်း ရှိကြောင်း သတင်းပေး ဖော်ပြကြသည်။

၃၀။ လက်နက်ကိုင် ပဋိပက္ခ၊ စီးပွားရေး မတည်ငြိမ်မှုနှင့် သဘာဝ ကပ်ဘေးအန္တရာယ်ကြောင့် စားနပ်ရိက္ခာ မလုံခြုံမှုမှာလည်း ဆက်လက် တိုးလာသည်။ ၂၀၂၅ ခုနှစ်တွင် နိုင်ငံ လူဦးရေ၏ သုံးပုံ တစ်ပုံခန့် ဖြစ်သော ခန့်မှန်းခြေ လူဦးရေ ၁၅.၂ သန်းသည် အလွန်မြင့်မားသော စားနပ်ရိက္ခာ မဖူလုံမှု အခြေအနေကို ရင်ဆိုင်ရမည်ဟု ခန့်မှန်းထားပြီး ၎င်းသည် ၂၀၂၄ ခုနှစ်၏ ၁၃.၃ သန်းမှ သိသိသာသာ တိုးလာခြင်း ဖြစ်သည်။[10] ဤအခြေအနေ ဆိုးရွားမှုသည် ထပ်ဆင့် သက်ရောက်မှု အမျိုးမျိုးကြောင့် ပေါ်ပေါက်လာခြင်း ဖြစ်ပြီး ၎င်းတွင် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလတွင် တိုက်ခိုက်ခတ်သည့် ရာဂိ မုန်တိုင်းနှင့် ၂၀၂၅ ခုနှစ်၊ မတ်လတွင် လှုပ်ခတ်ခဲ့သော ငလျင်ဘေး၏ ဆိုးရွားစွာ သက်ရောက်မှု၊ စဉ်ဆက်မပြတ် ငွေကြေးဖောင်းပွမှု၊ စစ်ဆင်ရေးများကြောင့် စိုက်ပျိုးမြေများ ပျက်စီးကာ နိုင်ငံ အဝှမ်းရှိ သန်းနှင့်ချီသော ပြည်သူလူထု၏ အသက်မွေးဝမ်းကြောင်း လုပ်ငန်းများ ထိခိုက်ခြင်းတို့ ပါဝင်သည်။

၃၁။ အထူးစိုးရိမ်ဖွယ်ရာကောင်းသည်မှာ စားသောက်ကုန် ဈေးနှုန်းများ အမြင့်ဆုံး အဆင့်ထိ မြင့်မားလာခြင်း ဖြစ်သည်။ ၂၀၂၄ ခုနှစ်တွင် ပျှမ်းမျှ စားသောက်ကုန် ဈေးနှုန်းသည် ဝင်ငွေထက် ပိုမို မြင့်မားလာကာ ၃၀ ရာခိုင်နှုန်း နီးပါး တိုးမြင့်လာပြီး မြို့ပြဒေသများတွင် အထူးသဖြင့် ဝယ်ယူ သုံးစွဲနိုင်စွမ်း ကျဆင်းခဲ့သည်။ ကျေးလက်ဒေသတွင် အိမ်ထောင်စု ဝင်ငွေမှာ လေးရာခိုင်နှုန်းသာ ကျဆင်းခဲ့သော်လည်း မြို့ပြဒေသရှိ အိမ်ထောင်စု ဝင်ငွေမှာ ၁၅ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့သဖြင့် မြို့ပြ ဒေသတွင် ဆင်းရဲနွမ်းပါးမှုမှာ ပိုမို မြင့်မားလာခဲ့သည်။[11] အစီရင်ခံစာ တင်သွင်းသည့် ကာလ အတွင်း ဆန်ဈေးနှုန်းမှာ ချင်းပြည်နယ်၌ ၈၇ ရာခိုင်နှုန်း၊ ရှမ်းပြည်နယ်တွင် ၇၂ ရာခိုင်နှုန်းနှင့် စစ်ကိုင်းတိုင်း၌ ၅၀ ရာခိုင်နှုန်းကျော် မြင့်တက်ခဲ့သည်။[12] စစ်ဘေးသင့် ဒေသဖြစ်သော မြန်မာ နိုင်ငံ အလယ်ပိုင်း ဒေသနှင့် တိုင်းရင်းသား ဒေသတွင် သယ်ယူပို့ဆောင်မှု ဆိုင်ရာ အကန့်အသတ်နှင့် စိန်ခေါ်မှုများ၊ စိုက်ပျိုးရေး ပစ္စည်း ကိရိယာများနှင့် မြေသြဇာများ အပါအဝင် ကုန်ပစ္စည်းများအား တားဆီးပိတ်ပင်မှု၊ မြေမြုပ်မိုင်းနှင့် မပေါက်ကွဲသေးသော လက်နက်များ တည်ရှိမှု၊နှင့် ဈေးကွက် ကွင်းဆက် ပြတ်တောက်မှုတို့ကြောင့် စားနပ်ရိက္ခာ ရရှိနိုင်မှုနှင့် ဝယ်ယူနိုင်မှု ကန့်သတ်မှုများမှာ အလွန် ဆိုးရွားခဲ့သည်။

၃၂။ ရခိုင်ပြည်နယ် မြောက်ပိုင်းနှင့် ချင်းပြည်နယ်တွင် ထောက်ပံ့ပို့ဆောင်ရေး အခက်အခဲများ၊ လမ်းပိတ်ဆို့မှုများနှင့် လုံခြုံရေး မရှိသည့် အခြေအနေများကြောင့် မြို့နယ်အချို့တွင် ဆက်သွယ်မှု ဖြတ်တောက်ခံနေရပြီး ဆန်၊ စားသုံးဆီနှင့် တိရစ္ဆာန် အစာကဲ့သို့ အခြေခံ ကုန်ပစ္စည်းများ မလောက်ငှမှုကို ဦးတည်စေသည်။ ချင်းပြည်နယ်တွင် စားနပ်ရိက္ခာ ရရှိနိုင်မှု အထူး ခက်ခဲလှပြီး

[10] https://humanitarianaction.info/plan/1275/document/myanmar-humanitarian-needs-and-response-plan-2025

[11] https://documents1.worldbank.org/curated/en/099082624043085874/pdf/P501475-c07ffefd-3270-4445-80f2-334822f648e8.pdf

[12] https://fpma.fao.org/giews/fpmat4/#/dashboard/tool/domestic

ဆန်၊ ပဲမျိုးစုံနှင့် စားသုံးဆီ ကဲ့သို့သော စားသောက်ကုန်ဈေးနှုန်းမှာ ၂၀၂၅ ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ပြီးလျှင် ဒုတိယ အမြင့်ဆုံး ဖြစ်သည်။[13] ခရီးသွားလာခွင့် အကန့်အသတ်များနှင့် အခြေခံ အဆောက်အအုံများ ပျက်စီးမှု အပါအဝင် ပို့ဆောင်ရေးနှင့် ထောက်ပံ့ရေး ပြဿနာများကြောင့် လူများစွာ အတွက် လတ်ဆတ်သော အစားအသောက်နှင့် အခြား အခြေခံ စားသောက်ကုန်များကို ရယူနိုင်မှုမှာ မဖြစ်နိုင်အောင် ခက်ခဲလာသည်။ စားနပ်ရိက္ခာ ရရှိနိုင်ခွင့် လျော့နည်းလာခြင်းနှင့် လူမှုစီးပွားရေး အခြေအနေများ ကျဆင်းလာခြင်းတို့ကြောင့် စားသောက်ကုန် အမျိုးအစား စုံလင်စွာ ရရှိနိုင်မှုမှာလည်း သိသိသာသာ လျော့နည်းလာခဲ့သည်။ ချင်း၊ ရခိုင်နှင့် ကချင် ပြည်နယ်တို့တွင် စားနပ်ရိက္ခာ မဖူလုံသည့် အခြေအနေအား ဆိုးရွာစွာ ခံစားရပြီး အထူးသဖြင့် မိခင်နှင့် ကလေးများအပေါ် ဆိုးရွားစွာ သက်ရောက်မှု ရှိသည့် အဟာရ ချို့တဲ့မှုကြောင့် ကျန်းမာရေး အခွင့်အရေးနှင့် ဆက်စပ်၍ စိုးရိမ်ပူပန်ဖွယ်ရာ အခြေအနေ ဖြစ်သည်။

၃၃။ အမျိုးသမီး ဦးဆောင်သော အိမ်ထောင်စုများသည် အများအားဖြင့် မြေယာမဲ့များ ဖြစ်ကြပြီး နေ့စားများ အဖြစ် ရှာဖွေစားသောက်ရခြင်းကြောင့် စားနပ်ရိက္ခာ ဖူလုံမှု အနည်းဆုံး အုပ်စုတွင် ပါဝင်သည်။ ငွေကြေး ခက်ခဲလာသော အခါ အမျိုးသမီးများသည် ငွေချေးခြင်း၊ ဥစ္စာ ပစ္စည်းများ ထုခွဲရောင်းချခြင်း၊ အစားအစာ လျှော့စားခြင်း[14] သို့မဟုတ် ခေါင်းပုံဖြတ်ခံရသည့် အန္တရာယ် မြင့်မားသော လိင်လုပ်သား အဖြစ် ရပ်တည်ခြင်း စသည့် ဘေးထွက်ဆိုးကျိုးရှိသော ရပ်တည်မှု ဗျူဟာများဖြင့် ဖြေရှင်းတတ်ကြောင်း သိရသည်။ လက်နက်ကိုင် ပဋိပက္ခနှင့် နေရပ်စွန့်ခွာ ထွက်ပြေးရခြင်းကြောင့် အမျိုးသမီးများ၏ ဝင်ငွေရှာနိုင်သော အခွင့်အလမ်းများမှာ ပို၍ ကန့်သတ်ခံရပြီး ခေါင်းပုံဖြတ်ခြင်း၊ ဂျန်ဒါ အခြေပြု အကြမ်းဖက်ခြင်းနှင့် အငတ်ဘေးများကို ပိုမို ခံစားရနိုင်ချေ မြင့်မားလာပါသည်။

၃၄။ လူသားချင်း စာနာမှု အဖွဲ့အစည်းများ၏ ခန့်မှန်းချက်များ အရ ၂၀၂၅ ခုနှစ်တွင် လူဦးရေ ၁၂.၉ သန်းသည် အရေးပေါ် စားနပ်ရိက္ခာ အကူအညီများ လိုအပ်နေပြီး ၁၁.၅ သန်းသည် စိုက်ပျိုးရေးနှင့် အသက်မွေး ဝမ်းကြောင်း အထောက်အပံ့များ လိုအပ်နေကြပါသည်။ ၂၀၂၅ ခုနှစ်၊ ကုလသမဂ္ဂ လူသားချင်း စာနာမှု စီမံကိန်း၏ ၁၂ ရာခိုင်နှုန်းသာ ၂၀၂၅ ခုနှစ်၊ မေလ အထိ ရံပုံငွေ ရရှိသောကြောင့် လူသားချင်း စာနာမှု ဆိုင်ရာ အဖွဲ့များက အသက် ကယ်ဆယ်ရေး အကူအညီ ပေးရန် အရေးပေါ် လိုအပ်ချက်များ အပေါ်သာ ပြန်လည် ဦးစားပေး၊ အာရုံစိုက်ကာ လိုအပ်နေသူ အားလုံးမှ လူအနည်းငယ်ကိုသာ အကူအညီပေးပို့နိုင်မည် ဖြစ်သည်။ ဆက်လက် ဖြစ်ပွားနေသော လက်နက်ကိုင် ပဋိပက္ခ၊ စစ်တပ် အလိုကျ စီစဉ်ထားသော ရွေးကောက်ပွဲ မတိုင်မီ နိုင်ငံရေး မတည်ငြိမ်မှုနှင့် သဘာဝ ကပ်ဘေးအန္တရာယ်တို့၏ ဆိုးကျိုးသက်ရောက်မှုတို့သည် ပြဿနာကို ပိုမိုနက်ရှိုင်းစေကာ လက်ရှိ ကြုံတွေ့ရသည့် လူသားချင်း စာနာမှု အကျပ်အတည်းကိုလည်း ပို၍ ဆိုးရွားစေပါသည်။

## ၅။ ရိုဟင်ဂျာ မွတ်စလင်များ၏ လူ့အခွင့်အရေး အခြေအနေ

၃၅။ ရခိုင်ပြည်နယ်ရှိ စစ်ရေးတင်းမာမှုများသည် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလမှ စ၍ ပို၍ ဆိုးရွားခဲ့ပြီး ရိုဟင်ဂျာများ အပါအဝင် တိုင်းရင်းသား လူမျိုးပေါင်းစုံ အတွက် ဘေးကင်းလုံခြုံရေး ဆိုင်ရာ စိုးရိမ်ပူပန်မှုများ မြင့်တက်ခဲ့သည်။ အများသူငါ လေ့လာနိုင်သော သတင်းရင်းမြစ်များ အရ အစီရင်ခံစာ တင်သွင်းသည့် ကာလအတွင်း လက်နက်ကိုင် ပဋိပက္ခနှင့် ဆက်စပ်သော အကြမ်းဖက်မှု ၁,၆၃၃ ထက်မနည်း ဖြစ်ပွားခဲ့ပြီး ၎င်းတို့ အနက် ၄၀၉ ကြိမ်မှာ လေကြောင်းတိုက်ခိုက်မှုနှင့် ၂၇၄ ကြိမ်မှာ လက်နက်ကြီး အမြောက်နှင့် ပစ်ခတ်မှုတို့ ပါဝင်သည်။ စိတ်ချယုံကြည်ရသော သတင်းရင်းမြစ်များ

[13] Ibid.

[14] https://documents.worldbank.org/en/publication/documents-reports/documentdetail/099082624043085874/p5014751c07ffe045180f21334822f648e8

အရ အရပ်သား ပြည်သူ ထိခိုက်မှု ၃၇၄ ဦး ရှိကြောင်း အတည်ပြုခဲ့ပြီး ၎င်းအရေအတွက်သည် မှန်းဆချက်ထက် လျော့နည်းမည်မှာ သေချာသည်။ ရခိုင်ပြည်နယ် အနီးရှိ နယ်မြေ အများစုကို တဖြည်းဖြည်း ထိန်းချုပ်လာနိုင်သည့် အာရက္ခ တပ်တော်သည် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလတွင် အနောက်ပိုင်း စစ်ဌာနချုပ်ကို သိမ်းပိုက်နိုင်ခဲ့ပြီး အနီးအနားရှိ တိုင်းဒေသကြီးများ ဖြစ်သော မကွေး၊ ပဲခူးနှင့် ဧရာဝတီတိုင်းများသို့ ထိုးစစ်ဆင်မှုများ ချဲ့ထွင်ပြုလုပ်လာသည်။ မြန်မာ စစ်တပ်သည် ယခင် တွေ့ရှိသည့် ပုံစံတူများနှင့် အညီ နယ်မြေဆုံးရှုံးမှုများ အတွက် လက်တုံ့ပြန်သည့် အနေဖြင့် ရခိုင်နှင့် ရိုဟင်ဂျာ လူမျိုး အရပ်သားများကို အဓိက ပစ်မှတ်ထား၍ လေကြောင်း၊ ရေကြောင်းနှင့် မြေပြင်မှ ပစ်ခတ်တိုက်ခိုက်မှုများ ဖော်ဆောင်ခဲ့သည်။ မြန်မာစစ်တပ်၏ ထိုသို့ လက်တုံ့ပြန်မှုများစွာ အနက် ၂၀၂၄ ခုနှစ်၊ မေလ၊ ၂၉ ရက်တွင် မြန်မာ စစ်တပ်သည် စစ်တွေ မြို့နယ်၊ ဗျိုးဖြူ ကျေးရွာသို့ ဝင်လာပြီး အာရက္ခ တပ်တော်ကို ထောက်ပံ့ပေးနေသည်ဟု ၎င်းတို့ ယူဆသော ရခိုင်လူမျိုး အရပ်သားများကို ဖမ်းဆီးကာ လူ ၈၀ ခန့်ကို သတ်ဖြတ်ခဲ့သည်။ ထို့အပြင် စစ်တပ်သည် လူ ၃၀၀ ခန့်ကို လိုက်လံ ဖမ်းဆီးခဲ့သဖြင့် အနီးအနား ကျေးရွာ ၂၀ ခန့်မှ ပြည်သူများမှာ နေရပ်စွန့်ခွာ ထွက်ပြေးကြရသည်။ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလတွင် ထိုသို့ ဖမ်းဆီးခံထားရသူများ အနက် ၂၄၀ ကျော်ကို မတရား အသင်း အက်ဥပဒေဖြင့် ထောင်ဒဏ် အသီးသီး ချမှတ်ခဲ့သည်။ မြန်မာ စစ်တပ်သည် နယ်မြေ ဆုံးရှုံးလာသည်နှင့် အမျှ ရခိုင်ပြည်နယ် တောင်ပိုင်းရှိ အရပ်သားများကို ပစ်မှတ်ထား၍ လေကြောင်း တိုက်ခိုက်မှုများ ဖော်ဆောင်ခဲ့သည်။ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ၊ ၈ ရက်နေ့တွင် ရမ်းဗြဲကျွန်းရှိ ကမန်လူမျိုး အများအပြား နေထိုင်ရာ ကျောက်နီမော် ကျေးရွာအား လေကြောင်း တိုက်ခိုက်မှုကြောင့် အမျိုးသမီး ၁၂ ဦးနှင့် ကလေးသူငယ် ၇ ဦး အပါအဝင် အရပ်သား ၂၆ ဦးထက်မနည်း သေဆုံးခဲ့သည်။ ထိုတိုက်ခိုက်မှုတွင် အဆောက်အအုံ ၃၆၂ လုံး၊ ပျက်စီးခဲ့ကြောင်း ဂြိုလ်တု ပုံရိပ်များ အရ အတည်ပြုနိုင်ခဲ့သည်။ OHCHR ကို တုံ့ပြန် ဖြေကြားရာတွင် ၎င်းတိုက်ခိုက်မှု အတွက် စစ်တပ်က အတည်ပြုခဲ့ပြီး “လေယာဉ်သည် ပစ်မှတ်ထားသည့် ဒေသရှိ အဆောက်အအုံမှ မီးပွင့်များကို မြင်တွေ့ခဲ့ရသည့် အတွက် ၎င်းတွင် စစ်ရေး လှုပ်ရှားမှု ရှိကြောင်း အတည်ပြုခဲ့ကာ” တိုက်ခိုက်ရခြင်း ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

၃၆။ ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် ရိုဟင်ဂျာများသည် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဆက်လက် ခံစားနေရပြီး ၎င်းတို့မှ အချို့မှာ ၂၀၁၇ ခုနှစ်က ကျူးလွန်ခဲ့သော ရက်စက်မှုများနှင့် ဆင်တူသည်။ စစ်တပ်နှင့် အာရက္ခ တပ်တော် နှစ်ဖက်စလုံးသည် ဝေဟင်မှ တိုက်ခိုက်ခြင်းနှင့် အဝေးပစ် လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ကြောင်း သတင်းရရှိပြီး ယင်းကြောင့် အရပ်သားများ သေဆုံးကာ အရပ်ဘက် အဆောက်အအုံများ ပျက်စီးခဲ့သလို ၎င်းတို့သည် လူသတ်မှု၊ အဓမ္မ အစ ဖျောက်မှု၊ ညှင်းပန်းနှိပ်စက်မှုနှင့် ဆိုးရွားစွာ ဆက်ဆံခြင်း၊ တရားလက်လွတ် ဖမ်းဆီးချုပ်နှောင်ခြင်း၊ နှင့် အရပ်သား ပိုင်ဆိုင်မှုများအား ဖျက်ဆီး၊ လုယက်ခြင်းနှင့် သိမ်းယူခြင်း အပြင် ရိုဟင်ဂျာများအား အဓမ္မ စစ်သား စုဆောင်းခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ၂၀၂၅ ခုနှစ် အတွင်း ရိုဟင်ဂျာများ အပေါ် သက်ရောက်မှု ရှိသော ပဋိပက္ခနှင့် ဆက်စပ်သည့် အကြမ်းဖက်မှုများ လျော့ကျသွားသော်လည်း အာရက္ခ တပ်တော်သည် ပြစ်မှု ကျူးလွန်သူများအား အရေးယူခြင်း မရှိဘဲ ရိုဟင်ဂျာများ အပေါ် လူ့အခွင့်အရေး ချိုးဖောက်မှုနှင့် အလွဲသုံးစားပြုမှုများကို ကျူးလွန်ခဲ့ကြောင်း သတင်း ရရှိသည်။ အာရကန် ရိုဟင်ဂျာ ကယ်ဆယ်ရေး တပ်မတော် (ARSA) အပါအဝင် ရိုဟင်ဂျာ လက်နက်ကိုင် အုပ်စုများ၏ လုပ်ချက်ကြောင့် ဘေးကင်း လုံခြုံမှု ဆိုင်ရာ စိုးရိမ်ပူပန်မှုများ မြင့်တက်ခဲ့ပြီး အကြောက်တရားနှင့် နေရပ်စွန့်ခွာမှုများအား ပိုမို ဖြစ်ပေါ်စေခဲ့သည်။

၃၇။ အင်တာနက် ပိတ်ဆို့ခြင်းနှင့် လက်ကိုင်ဖုန်း သိမ်းဆည်းခြင်း အပါအဝင် စစ်တပ်နှင့် အာရက္ခ တပ်တော်မှ ချမှတ်သော ဆက်သွယ်ရေး ဆိုင်ရာ ကန့်သတ်ချက်များနှင့် စောင့်ကြည့်မှုများကြောင့် ရခိုင်ပြည်နယ်ရှိ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် အလွဲသုံးစားမှုများကို ကျယ်ကျယ်ပြန့်ပြန့်

စုံစမ်း စစ်ဆေးရန် အဟန့်အတား ဖြစ်စေခဲ့သည်။ ရလဒ်အားဖြင့် အစီရင် တင်ပြသည့် ကာလအတွင်း အရပ်သား ထိခိုက် သေဆုံးမှုနှင့် နေရပ်စွန့်ခွာ ထွက်ပြေးရမှုများနှင့် ဆက်စပ်၍ စိစစ်အတည်ပြုနိုင်သော ကိန်းဂဏန်း သို့မဟုတ် ခန့်မှန်းချက်များကို မစုစည်းနိုင်ခဲ့ပေ။ ရိုဟင်ဂျာ တစ်ထောင်ကျော် သတ်ဖြတ်ခံရပြီး သောင်းနှင့်ချီသော ရိုဟင်ဂျာများသည် ၎င်းတို့ နေအိမ်မှ တိမ်းရှောင် ထွက်ပြေးခဲ့ရသည် ဟူသော ပြောဆိုချက်များကိုလည်း ကြားသိရသည်။ ၂၀၂၄ ခုနှစ်၊ မတ်လ ကတည်းက ရိုဟင်ဂျာ အရပ်သားများအား အဓမ္မ တပ်သား စုဆောင်းသော မြန်မာ စစ်တပ်နှင့် အာရက္ခ တပ်တော်တို့ အကြားတွင် ရိုဟင်ဂျာ အရပ်သားများ ပိတ်မိနေကြသည်။ ထိုအခြေအနေကြောင့် လူမှု အသိုက်အဝန်း အကြား တင်းမာမှုများ ရှိလာပြီး အကြမ်းဖက်မှုများကို ပို၍ ဆိုးရွားနေစေပါသည်။ မြန်မာ စစ်တပ်သည် ဧပြီလ ၁၂ ရက်နေ့ ကတည်းက ဘူးသီးတောင် မြို့၊ ရပ်ကွက် ၆ အပါအဝင် မြို့ပေါ်ရှိ ရခိုင် လူမျိုးတို့၏ ရာနှင့်ချီသော အိမ်များအား မီးရှို့ဖျက်ဆီးခဲ့ပြီး ထိုသို့ မီးရှို့ရာတွင် လူသစ် စုဆောင်းထားသော ရိုဟင်ဂျာများအား တာဝန် ချထားခဲ့သည်။ ဘူးသီးတောင်မြို့ရှိ ရခိုင်လူမျိုးပိုင် နေအိမ်များအား မြန်မာ စစ်တပ်က မီးရှို့ဖျက်ဆီးသဖြင့် အာရက္ခ တပ်တော်သည် အနီးတဝိုက်တွင် ရှိသော ရိုဟင်ဂျာ ကျေးရွာများကို မီးရှို့ခဲ့ရာ နောက်ဆက်တွဲ ရက်သတ္တပတ်များတွင် ကျေးရွာ ၂၅ ရွာအထိ မီးရှို့ဖျက်ဆီးခံခဲ့ရသည်။[15] ဘူးသီးတောင်တွင် ဧပြီလ ၁၅ ရက်နေ့၌ ဖြစ်ပွားခဲ့သော စုံစမ်းစစ်ဆေးနေဆဲ ဖြစ်ရပ်တစ်ခုတွင် နယ်စည်းမခြား ဆရာဝန်များ အဖွဲ့အစည်း၏ ရုံးနှင့် ဆေးပေးခန်းတို့ကိုလည်း မီးရှို့ဖျက်ဆီးခဲ့ရာ မောင်းတောနှင့် ဘူးသီးတောင်ရှိ ဆေးရုံများ ပိတ်ခဲ့ပြီးနောက် လူအများအတွက် အဓိက ကျန်းမာရေး စောင့်ရှောက်မှု မရှိတော့သည့် အခြေအနေ ဖြစ်သည်။[16] အခြေခံ ကျန်းမာရေး ဝန်ဆောင်မှုနှင့် အထောက်အပံ့ ကင်းမဲ့ခြင်းကြောင့် ကလေးနှင့် နေရပ်စွန့်ခွာ ဒုက္ခသည်များမှာ တားဆီးကုသနိုင်သော ရောဂါများမှ သေဆုံးမှုများ ရှိကြောင်း အစီရင်ခံ ဖော်ပြချက်များ ရှိရာ ကျန်းမာရေး စောင့်ရှောက်မှု ဆိုင်ရာ ဝန်ဆောင်မှုများ ရရှိနိုင်မှုနှင့် လက်လှမ်းမီမှုတို့မှာ ဆက်လက် ကျဆင်းနေဆဲ ဖြစ်သည်။

၃၈။ ရိုဟင်ဂျာများသည် တိုက်ပွဲ မဖြစ်ပွားမီ သို့မဟုတ် အာရက္ခ တပ်တော်က ပစ်မှတ်ထားသည့် အကြမ်းဖက်မှုများအား ရှောင်ရှားရန် ၎င်းတို့ နေအိမ်မှ စွန့်ခွာထွက်ပြေးခဲ့ရပြီး အာရက္ခ တပ်တော် စစ်သည်များက နေအိမ်မှ စွန့်ခွာရန် ငြင်းဆန်သူများအား ခြိမ်းခြောက်ခြင်း သို့မဟုတ် တိုက်ခိုက်ခြင်းများ ပြုလုပ်သဖြင့် ထိခိုက်သေကြေမှုများ ရှိလာရာ နေရပ်စွန့်ခွာ ထွက်ပြေးမှုမှာ သိသိသာသာ များပြားခဲ့သည်။ ကုလသမဂ္ဂ၏ ခန့်မှန်းချက်များ အရ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလမှ စ၍ ရခိုင်နှင့် ချင်းပြည်နယ်၌ လက်နက်ကိုင် ပဋိပက္ခကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးရသူ ၃၅၀,၀၀၀ ခန့် ရှိကြောင်း[17] ဖော်ပြထားသော်လည်း အမှန်တကယ် နေရပ်စွန့်ခွာရသူ အရေအတွက်မှာ ထိုကိန်းဂဏန်းထက် ပိုမို များပြားသည်ဟု ယုံကြည်ရသည်။ ရှင်သန်လွတ်မြောက်လာသူများသည် ဘေးကင်းလုံခြုံရေး အတွက် အပူအတပြင်း ရှာဖွေရင်း ကျေးရွာ တစ်ခုမှ တစ်ခုသို့ ပြောင်းရွှေ့ကာ ကြိမ်ဖန်များစွာ နေရပ်စွန့်ခွာ ထွက်ပြေးရမှုအား ရင်ဆိုင်ခဲ့ရသည်။ လူသားချင်း စာနာမှု အထောက်အပံ့များမှာ အလွန်အမင်း ကန့်သတ်ခံနေရသောကြောင့် ရှင်သန်လွတ်မြောက်လာသူများသည် အခြား ရိုဟင်ဂျာ မိသားစုများ၏ အကူအညီကိုသာ လုံးဝ မှီခိုအားထားနေရသည်။

၃၉။ အရပ်သား ပြည်သူ ရာပေါင်းများစွာ အပေါ် သက်ရောက်မှု ရှိခဲ့သည့် ဖြစ်ရပ် တစ်ခုတွင် ၂၀၂၄ ခုနှစ်၊ မေလ၊ ၂ ရက်နေ့၌ ဘူးသီးတောင် မြို့နယ်၊ ထန်းရှောက်ခံ ကျေးရွာတွင် ရိုဟင်ဂျာ ရွာသား ၁,၀၀၀ ကျော်သည် ထိတွေ့တိုက်ပွဲများ ဖြစ်လာနိုင်ချေ ရှိမှု အပေါ် စိုးရိမ် ကြောက်ရွံ့၍ နေရပ်စွန့်ခွာ ထွက်ပြေးခဲ့ကြသည်ဟု သတင်းရင်းမြစ် များစွာက ဖော်ပြခဲ့သည်။ ရိုဟင်ဂျာများသည်

[15] https://www.aspistrategist.org.au/they-left-a-trail-of-ash-decoding-the-arakan-armys-arson-attacks-in-the-rohingya-heartland/
[16] https://www.msf.org/msf-office-destroyed-fire-amid-ongoing-violence-rakhine-myanmar
[17] https://reliefweb.int/report/myanmar/myanmar-humanitarian-update-no-45-28-march-2025

အာရက္ခ တပ်တော် အဖွဲ့ဝင်များ၏ တားမြစ်ပိတ်ဆို့ခြင်းကို ခံခဲ့ရကြောင်း၊ ၎င်းတို့သည် စပါးခင်းတွင် အုပ်စု သုံးစု စုဖွဲ့ဖြင့် ရိုဟင်ဂျာများကို ပစ်ခတ်ခဲ့သဖြင့် လူအမြောက်အများ သေဆုံးခဲ့သည်ဟု မျက်မြင် သက်သေများက ဖော်ပြခဲ့သည်။ ထိုမြင်ကွင်းသည် "သွေးချောင်းစီးတာပဲ။ [...] ကျွန်တော် ပစ်ခတ်တာတွေကို မြင်ခဲ့တယ်။ အစုလိုက် အပြုံလိုက် သတ်ဖြတ်တာကို ကျွန်တော် မြင်ခဲ့တယ်။ သေနတ်တွေ အများကြီးပဲ၊ ခြေထောက်နဲ့ ရင်ဘတ်တွေကို ချိန်ပြီး လူတွေကို ပစ်ခတ်ခဲ့တယ်။"ဟု တွေ့ဆုံမေးမြန်းခံရသူ တစ်ဦးက ဖော်ပြခဲ့သည်။ အခြား လွတ်မြောက်လာသူ တစ်ဦးကလည်း ကလေး သုံးဦး အပါအဝင် ဆွေမျိုး ၂၀ ခန့် သတ်ဖြတ်ခံခဲ့ရကြောင်း ပြန်လည် ပြောပြခဲ့ကြသည်။

၄၀။ အာရက္ခ တပ်တော်သည် ၂၀၂၄ ခုနှစ်၊ မေလ၊ ၁၇ ရက်နေ့တွင် ဘူးသီးတောင်မြို့နှင့် ၂၀၂၄ ခုနှစ်၊ ဇွန်လလယ်တွင် မောင်းတောမြို့တို့အား မြို့သိမ်းတိုက်ပွဲ ဆင်နွှဲခဲ့ရာ အခြေအနေမှာ ပို၍ ဆိုးရွားလာခဲ့သည်။ မေလ အစောပိုင်းတွင် သောင်းနှင့်ချီသော ရိုဟင်ဂျာများသည် ဘူးသီးတောင် မြို့အတွင်း ဝင်ရောက်ခိုလှုံခဲ့ပြီး မြို့တွင်းရှိ စာသင်ကျောင်း တစ်ခု၌ အရပ်သား ၁၀,၀၀၀ ကျော် ခိုလှုံ နေထိုင်ခဲ့ကြသည်။ မေလ ၆ ရက်နေ့တွင် အာရက္ခ တပ်တော်က ပစ်ခတ်သည့် လက်နက်ကြီး အမြောက်သည် ထိုစာသင်ကျောင်းပေါ်သို့ ကျရောက်ပေါက်ကွဲ၍ လူလေးဦး သေဆုံးခဲ့ကာ ၁၅ ဦး ဒဏ်ရာ ရရှိခဲ့သည်။ မေလ၊ ၁၇ ရက်နေ့တွင် အာရက္ခ တပ်တော်သည် ၎င်းမြို့ကို သိမ်းပိုက်ပြီးနောက် ထိုစာသင်ကျောင်းကို ထပ်မံ တိုက်ခိုက်ခဲ့သည့် အပြင် ရိုဟင်ဂျာများ နေထိုင်ရာ ရပ်ကွက် ၁၊ ၂၊ ၃၊ ၄၊ ၆ နှင့် ၇ တို့ကို မီးရှို့ခဲ့သည်။ ထိုသို့ တိုက်ခိုက်ချိန်တွင် လူအများအား နေအိမ်တွင် ပိတ်၍ မီးရှို့ခြင်း၊ အစုလိုက် အပြုံလိုက် သတ်ဖြတ်ခြင်း၊ ထွက်ပြေးနေသော အရပ်သားများကို ပစ်ခတ်ခြင်းနှင့် အစ ဖျောက်ခြင်းများ ကျူးလွန်ခဲ့ကြောင်း တွေ့ဆုံမေးမြန်းခံရသူများက ဖော်ပြခဲ့သည်။ ဗူးသီးတောင်မှ ဒေသခံများ သို့မဟုတ် ၎င်းမြို့သို့ ထွက်ပြေးတိမ်းရှောင်သူများသည် မောင်းတောသို့ ထွက်ပြေးရန် ကြိုးပမ်းခဲ့ကြသော်လည်း အာရက္ခ တပ်တော်သည် ၎င်းတို့အား ရှေ့ဆက် မသွားနိုင်ရန် တားဆီး ပိတ်ဆို့ခဲ့သည်။ ၎င်းတို့သည် အခြား ထောင်ပေါင်းများစွာသော ပြည်သူများနှင့် အတူ ညလုံးပေါက် လမ်းဘေးတွင် နေခဲ့ကြောင်း ကျူးလွန်ခံရသူများက ဆိုသည်။ တွေ့ဆုံမေးမြန်းခံရသူ တစ်ဦးက အကြောက်တရားနှင့် အခြေအနေ ရှုပ်ထွေးမှုကို ပြန်လည်ပြောပြရာတွင် "လူတိုင်း ငိုနေကြတယ်၊ အဖေက သားကို ရှာမတွေ့တာ၊ သားက အဖေကို ရှာမတွေ့တာ၊ လင်မယားတွေ ကွဲကွာကုန်တာ၊ ကလေးတွေကလည်း သူတို့ မိဘတွေ ပြန်ရှာမတွေ့ကြတော့ဘူး။ ဒါနဲ့ လူတွေလည်း တစ်ညလုံး ငိုနေကြတာပဲ။"ဟု ပြောကြားခဲ့သည်။ နံနက်ပိုင်းတွင် အာရက္ခ တပ်တော်သည် ထွက်ပြေးလာသော ရိုဟင်ဂျာများအား ၎င်းတို့ ထိန်းချုပ်နယ်မြေရှိ ကျေးရွာများသို့ အတင်းအကျပ် ပြောင်းရွှေ့စေကာ အရပ်သားများသည် ကလေးငယ်များကို ပွေ့ချီကာ မီးလောင်ပြာကျနေသော ကျေးရွာများအား ဖြတ်သန်းကာ အလွန်ပြင်းထန်သည့် အပူချိန်အောက်တွင် တစ်နေကုန် လမ်းလျှောက်ခဲ့ရကြောင်း ဖော်ပြခဲ့သည်။ ထိုကာလအတွင်း သတ်ဖြတ်မှု၊ ဖမ်းဆီးချုပ်နှောင်မှု၊ ရိုက်နှက်မှု၊ အစဖျောက်မှု၊ ငွေညှစ်ခြိမ်းခြောက်မှုနှင့် လုယက်မှုများ ပုံမှန် ဖြစ်ပွားခဲ့ကြောင်း OHCHR က မှတ်တမ်း ပြုစုခဲ့သည်။

၄၁။ ဘူးသီးတောင်ရှိ ရိုဟင်ဂျာများ အခြေချ နေထိုင်ရာ နေရာများကို မီးရှို့ဖျက်ဆီးမှု ဖြစ်ပွားပြီး ရက်သတ္တပတ် အနည်းငယ် အတွင်း မောင်းတောမြို့နယ်၌ တိုက်ပွဲများ ပြင်းထန်ခဲ့လာကာ ရိုဟင်ဂျာ အများအပြား သေဆုံးခဲ့သည်။ ဇွန်လ ၁၀ ရက်နေ့တွင် ပန်းတော်ပြင် ကျေးရွာ၌ စစ်တပ် ရဟတ်ယာဉ် တစ်စီး၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ရိုဟင်ဂျာ ရှစ်ဦး သေဆုံးခဲ့သလို သီဟိုကျွန်း ကျေးရွာ၌ တွေ့ဆုံမေးမြန်းခံရသူများ၏ အဆိုအရ အာရက္ခ တပ်တော်၏ ဒရုန်း တိုက်ခိုက်မှုကြောင့် ရိုဟင်ဂျာ ခြောက်ဦး သေဆုံးခဲ့ကြောင်း သိရသည်။ ဒေသခံ သတင်းရင်းမြစ်များ၏ အဆိုအရ မြန်မာ စစ်တပ်သည် အရပ်သား နေအိမ်များ၊ စာသင်ကျောင်းများ၊ ဗလီနှင့် ဟိန္ဒူ ဝတ်ပြုကျောင်းများတွင် တပ်စွဲထားကာ ထိုအချိန်၌ ဖြစ်ပွားခဲ့သည့် ထိတွေ့တိုက်ပွဲများကြောင့် ရိုဟင်ဂျာ အမြောက်အများ သေဆုံးခြင်းနှင့် အိုးအိမ် စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားခဲ့သည်။ အာရက္ခ တပ်တော်သည်

ကျေးရွာမှ မထွက်ခွာသော ဒါဇင်ပေါင်း များစွာသော ရိုဟင်ဂျာ အရပ်သားများကို ဒရုန်း အသုံးပြု၍ သတ်ဖြတ်ခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။ ဇူလိုင်လ၊ ၁၃ ရက်နေ့ နံနက်ပိုင်းတွင် မြန်မာ စစ်တပ်က ဟာဘီ အနာဝါ ကျေးရွာအား လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းကြောင့် ရိုဟင်ဂျာ နေအိမ် တစ်လုံး ပျက်စီးခဲ့ကာ အမျိုးသမီး နှစ်ဦးနှင့် ကလေးသူငယ် နှစ်ဦး အပါအဝင် လူရှစ်ဦး သေဆုံးခဲ့သည်။ ဇူလိုင်လ၊ ၂၄ ရက်နေ့အထိ အနီးအနား ကျေးရွာများ၌လည်း ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခြင်းကြောင့် အရပ်သား ပြည်သူများ အတွက် စိုးရိမ်ဖွယ်ရာ အခြေအနေများ ဖြစ်ပေါ်ခဲ့ကာ တိုက်ပွဲကြောင့် သေကြေဒဏ်ရာရမှုနှင့် ပျက်စီးဆုံးရှုံးမှု အမြောက်အများ ရှိခဲ့သည့် အပြင် နေရပ်စွန့်ခွာပြေးရသည့် အခြေအနေများ ရှိခဲ့သည်။

၄၂။ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ အစောပိုင်းတွင် မောင်းတောရှိ ရာပေါင်းများစွာသော ရိုဟင်ဂျာ လူငယ် အမြောက်အများ အသက်ဆုံးရှုံးခဲ့ကြောင်း သတင်းများတွင် ဖော်ပြကြသည်။ ဩဂုတ်လ၊ ၄ ရက်နေ့တွင် မောင်းတောမြို့ တောင်ပိုင်းရှိ မောင်နီ ရပ်ကွက်တွင် အာရက္ခ တပ်တော်သည် မြန်မာ စစ်တပ်က ဆုတ်ခွာခဲ့သော နေရာများအား သိမ်းပိုက်ပြီးနောက် အရပ်သား အများအပြား သေကြေ၊ ဒဏ်ရာ ရစေသည့် ကွပ်မျက်ခြင်းနှင့် လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းများ စတင် ပြုလုပ်ခဲ့သည်။ မောင်နီ ကျေးရွာ၌ ဖြစ်ပွားခဲ့သော ဖြစ်ရပ် တစ်ခုတွင် အာရက္ခ တပ်တော်နှင့် ဆက်စပ်သော အုပ်စုများသည် မိသားစု ရှစ်စု ခိုလှုံရာ မွတ်စလင် ဘာသာရေး ခေါင်းဆောင် တစ်ဦး၏ နေအိမ်သို့ ဝင်ရောက်ခဲ့ကြောင်း၊ ၎င်းအိမ်တွင် အမျိုးသမီး ၁၀ ဦးနှင့် ကလေး ၁၈ ဦး အပါအဝင် လူ ၃၆ ဦး ခိုလှုံနေကြောင်း တွေ့ဆုံမေးမြန်းခံရသူများက ဆိုကြသည်။ ယင်းနောက် ထို ၃၆ ဦးကို ထပ်မံ မတွေ့ရတော့ဘဲ ၎င်းတို့၏ ကံကြမ္မာလည်း မည်သို့ ရှိသည်ကို မည်သူမျှ မသိရတော့ချေ။

၄၃။ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ၊ ၅ ရက်နေ့တွင် မောင်းတောမြို့၌ ဖြစ်ပွားခဲ့သည့် ဖြစ်ရပ်များနှင့် ဆက်စပ်ပြီး များစွာသော သတင်းရင်းမြစ်များမှ တသတ်မတ်တည်း ကျသည့် ထွက်ဆိုချက်များကို လက်ခံရရှိခဲ့ပြီး ထိုနေ့တွင် ရိုဟင်ဂျာ ထောင်ပေါင်းများစွာသည် စစ်ဘေး ရှောင်လိုသဖြင့် မြစ်ကို ဖြတ်ကူး၍ ဘေးလွတ်ရာ ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ တိမ်းရှောင်ရန် မောင်းတောမြို့ အနောက်ဘက်ရှိ နတ်မြစ် ကမ်းနံပါးတွင် စုစည်းနေကြသည်။ သို့သော် ထိုနေ့ မွန်းလွဲပိုင်းတွင် ဒရုန်းနှင့် လေကြောင်း တိုက်ခိုက်မှုများကြောင့် ရိုဟင်ဂျာ အရပ်သား ရာနှင့် ချီ၍ သေဆုံးနိုင်ကြောင်း ဖော်ပြကြသည်။ “လမ်းမှာ သွားနေတဲ့ သူတွေနဲ့ ကျပ်နေကြတယ်။ ရွာထဲမှာလည်း လူတွေ ပြွတ်သိပ်နေကြတယ်။ မြစ်ကမ်းနံပါးမှာ ရှိနေသူတွေလည်း ပြွတ်ကျပ်နေကြတယ်။ အဲဒီအချိန် မြစ်ကမ်းနံပါးမှာက လူ တစ်သောင်းကနေ တစ်သောင်း နှစ်ထောင် အထိ စုနေကြတာ။ ကမ်းနားမှာ အတော်များများ သေဆုံးကြတယ်။ ကျွန်တော်တို့ ပုန်းခိုနေတဲ့ နေရာကနေ လူသေတွေ နေရာတကာမှာ မြင်ရတယ်။” ဟု တွေ့ဆုံမေးမြန်းခံရသူ တစ်ဦးက ရှင်းပြခဲ့သည်။ ၎င်းတို့သည် လှေဖြင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ ဦးတည် သွားလာနေချိန်တွင် ဒရုန်းဖြင့် တိုက်ခိုက်ခံရကြောင်း ရှင်သန်လွတ်မြောက်သူ တစ်ဦးက ဖော်ပြခဲ့သည်။ ထိုဖြစ်ရပ်ကြောင့် ကလေး သုံးဦး အပါအဝင် လေးဆယ့်ခြောက်ဦး သေဆုံးခဲ့သည်။ အာရက္ခ တပ်တော်ဘက်မှ “အစွန်းရောက် မူစလင် လက်နက်ကိုင် အုပ်စုများ”ကို[18] ပြစ်တင် ဝေဖန်နေသော်လည်း ထိုသို့ ဒရုန်း တိုက်ခိုက်မှုမှာ စစ်တပ် မရှိရာ အာရက္ခ တပ်တော် ထိန်းချုပ်ရာ နေရာမှ လာခြင်းဖြစ်သောကြောင့် ထိုဖြစ်ရပ် အတွက် အာရက္ခ တပ်တော်တွင် တာဝန် ရှိကြောင်း တွေ့ဆုံ မေးမြန်းခံရသူများက ပြောကြားခဲ့သည်။ ထိုသို့ အရပ်သားများ အပေါ် ဒရုန်းဖြင့် တိုက်ခိုက်မှုများသည် ဩဂုတ်လ၊ ၆ ရက်နေ့တွင် ဆက်လက် ဖြစ်ပွားခဲ့သည်။ လူငါးဆယ် တင်လာသည့် လှေတစ်စင်းအား ဒရုန်းမှ တိုက်ခိုက်မှုကြောင့် ကလေး လေးဦး အပါအဝင် လူပေါင်း ၃၈ ဦး သေဆုံးခဲ့သည်။

[18] Statement No. (16/2024), United League of Arakan, 7 August 2024, https://www.arakanarmy.net/post/statement-10

၄၄။ ရက်စက်သော အကြမ်းဖက် လုပ်ရပ်များနှင့် အတိဒုက္ခ ရောက်သည့် လပေါင်းများစွာကို ကျော်လွန်ပြီးနောက် စစ်ရေး ပဋိပက္ခ အခြေအနေသည် ရခိုင်ပြည်နယ် တောင်ပိုင်းနှင့် အရှေ့ပိုင်းသို့ ပြောင်းလဲခဲ့ခြင်းကြောင့် ရိုဟင်ဂျာများ အပေါ် သက်ရောက်သည့် အကြမ်းဖက်မှုများလည်း ယခင် ကာလနှင့် နှိုင်းယှဉ်ပါက လျော့ကျသွားသည်။ ၂၀၂၅ ခုနှစ်၊ မေလတွင် မြန်မာ စစ်တပ်သည် စစ်တွေနှင့် ကျောက်ဖြူဒေသတို့ကိုသာ ထိန်းချုပ်နိုင်သော်လည်း ရိုဟင်ဂျာများမှာ လူ့အခွင့်အရေး ချိုးဖောက်မှုနှင့် အလွဲသုံးစားပြုမှုအား ခံစားနေရဆဲ ဖြစ်သည်။ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ဖြစ်ပွားခဲ့သော ဖြစ်ရပ် တစ်ခုတွင် အာရက္ခ တပ်တော် ထိန်းချုပ်ထားသော မောင်းတော မြို့နယ်၊ ကျားခေါင်းတောင် ကျေးရွာမှ အသက် ၁၃ နှစ်မှ ၁၆ နှစ် အရွယ် ယောကျာ်းလေး သုံးဦးမှာ ငါးဖမ်းပြီး ပြန်အလာတွင် ပျောက်ဆုံးခဲ့သည်။ ၎င်းတို့၏ အဝတ်အစားများ အားဖြင့် ၎င်းတို့၏ ရုပ်အလောင်းကို နှစ်လ အကြာတွင်မှ ပြန်တွေ့ခဲ့သည်။ ရိုဟင်ဂျာ လက်နက်ကိုင် အဖွဲ့ဝင်များဟု ယူဆရသူများကို ရှာဖွေမည် ဟူသော အကြောင်းပြချက်ဖြင့် ၎င်းတို့အား ကျယ်ကျယ်ပြန့်ပြန့် ဖမ်းဆီးမှုများ အပါအဝင် ရိုဟင်ဂျာ အရပ်သားများအပေါ် လူ့အခွင့်အရေး ချိုးဖောက်မှုနှင့် အလွဲသုံးစားမှုများကို ပုံမှန် ကျူးလွန်နေသည် ဖြစ်ရာ အာရက္ခ တပ်တော်သည် အုပ်ချုပ်ရေး တာဝန် ရှိသူ အသစ် အဖြစ် ဖြစ်တည်လာပြီး ၎င်းတို့ အုပ်ချုပ်မှုအောက်ရှိ ရိုဟင်ဂျာများ၏ အခြေအနေ တိုးတက်လာမည် ဟူသော မျှော်လင့်ချက်များမှာ ပျောက်ဆုံးခဲ့ရသည်။ ၂၀၂၅ ခုနှစ်၊ ဧပြီလနှင့် မေလတွင် နေရပ် စွန့်ခွာခဲ့ကြသော လူအများအပြားသည် မူရင်းဒေသသို့ ပြန်လည်နေထိုင်ခွင့် ရရှိသည်ဟု သတင်း ရရှိသော်လည်း ရိုဟင်ဂျာ အများစုမှာ နေရပ် မပြန်နိုင်ဘဲ ဖြစ်ကာ ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် လူဦးရေ ၈၀,၀၀၀ ဦးထက်မနည်း နေရပ် စွန့်ခွာနေရဆဲ ဖြစ်သည်။ ၂၀၂၅ ခုနှစ်၊ ဧပြီလ၊ ၂၆ ရက်တွင် ဘင်္ဂလားဒေ့ရှ်မှ မောင်းတောသို့ ပြန်လာသော မိသားစု ၁၈ စုသည် ၎င်းတို့ရွာ ပြန်ရောက်သည်နှင့် အာရက္ခ တပ်တော်၏ ဖမ်းဆီးထိန်းသိမ်းခြင်းကို ခံခဲ့ရသည်။ ၎င်းမိသားစုများသည် ၂၀၂၅ ခုနှစ်၊ မေလ အထိ မောင်းတောတွင် ဖမ်းဆီးထိန်းသိမ်းခံထားရဆဲ ဖြစ်သည်။ ဤဖြစ်ရပ်နှင့် အလားတူ ဖြစ်ရပ်များသည် နေရပ်စွန့်ခွာရသည့် ရိုဟင်ဂျာများနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံမှ နေရပ် ပြန်လိုသည့် အခြား မိသားစုဝင်များ၏ အကြောက်တရား မြင့်တက်လာမှုကို ဖော်ပြနေခြင်း ဖြစ်ပါသည်။

၄၅။ ရခိုင် ပဋိပက္ခနှင့် ဆက်စပ်နေသော အဖွဲ့အစည်း အားလုံးသည် စစ်သား စုဆောင်းခြင်း၊ အဓမ္မ တပ်သား စုဆောင်းခြင်း၊ တိုက်ပွဲများနှင့် ပေါ်တာ ကဲ့သို့ ပံ့ပိုးရေး ကဏ္ဍများတွင် ကလေးများ အပါအဝင် ရိုဟင်ဂျာများအား အသုံးချခြင်းတို့ကို ကျူးလွန်လေ့ရှိသော်လည်း ၎င်းလုပ်ရပ်များ၏ ပမာဏနှင့် သက်ရောက်မှုများအား လေ့လာနိုင်သည့် ပြည့်စုံသော အချက်အလက်များ မရှိသေးပေ။

၄၆။ မြန်မာ စစ်တပ်သည် ရိုဟင်ဂျာများအား နိုင်ငံသား ဖြစ်ခွင့် ပေးရန် ငြင်းဆန်သော်လည်း စစ်မှုထမ်း လုပ်ငန်းစဉ်၏ တစိတ်တပိုင်း အနေဖြင့် ရိုဟင်ဂျာများအား စစ်သား စုဆောင်းခဲ့သည်။ စစ်မှုထမ်းပါက နိုင်ငံသား ဖြစ်ခွင့်နှင့် အခြား အကျိုးခံစားခွင့်များ ရရှိမည်ဟု ကတိကဝတ်ပေးကာ မြန်မာ စစ်တပ်က စည်းရုံးသဖြင့် ရိုဟင်ဂျာ အချို့မှာ ၎င်းတို့ ဆန္ဒ အလျောက် စစ်မှုထမ်းခဲ့ကြသည်။ သို့သော် ၎င်းကတိကဝတ်များအား ယနေ့ထိတိုင် ဖြည့်ဆည်းပေးခြင်း မရှိပေ။ မြန်မာ စစ်တပ်သည် ရိုဟင်ဂျာများအား အသုံးချခြင်း အားဖြင့် ၎င်းတို့၏ စစ်သည်အင်အားကို ထိန်းသိမ်းနိုင်ခဲ့ပြီး အာရက္ခ တပ်တော်၏ ထိုးစစ်များအား တားဆီးနိုင်ခဲ့ကာ ရေရှည်တွင် လူမျိုးရေး တင်းမာမှု ပြဿနာများကို အစပျိုးခဲ့ပါသည်။ မြန်မာ စစ်တပ်သည် စစ်တွေမြို့သို့ ဆုတ်ခွာသွားသည်နှင့် တပြိုင်နက် စစ်တွေမြို့ အနီးအနားရှိ ဒုက္ခသည် စခန်းနှင့် ကျေးရွာများမှ ရိုဟင်ဂျာများကို စစ်သား စုဆောင်းခဲ့ကာ ကျေးရွာ တစ်ရွာလျှင် တပ်သားသစ် အတွက် လူငယ် ၃၀ အား လစဉ်လတိုင်း စီစဉ်ပေးရန် ညွှန်ကြားခြင်း ခံရသည်ဟု သတင်း ရင်းမြစ်များက ဖော်ပြကြသည်။ စစ်မှုထမ်းရန် ငြင်းဆန်သော လူငယ်များသည် ရိုက်နှက်ခြင်း၊ ရွာမှ ခေါ်ထုတ်ခြင်းနှင့် ဖမ်းဆီးခြင်းများ ခံခဲ့ရသည်။ သို့သော် ရိုဟင်ဂျာ အချို့မှာ ငွေကြေး အများအပြားပေးဆောင်၍ စစ်မှုထမ်းခြင်းမှ ရှောင်ရှားနိုင်ခဲ့သည်ဟု သိရသည်။ အာရကန်

ရိုဟင်ဂျာ ကာကွယ်ရေး တပ်မတော် (ARSA) သည်လည်း ရိုဟင်ဂျာ လူငယ်များအား ခြိမ်းခြောက် အကျပ်ကိုင်ခြင်းနှင့် ပြန်ပေးဆွဲခြင်းဖြင့် အဓမ္မ စစ်သား စုဆောင်းခြင်းကို ဆောင်ရွက်ခဲ့ကြသည်။ ဘင်္ဂလားဒေ့ရှ် နိုင်ငံရှိ ရိုဟင်ဂျာ သွေးစည်းညီညွတ်ရေး အဖွဲ့ (RSO) မှလည်း ကလေးသူငယ်များ အပါအဝင် လူငယ်များကို ပြန်ပေးဆွဲ ဖမ်းဆီးခဲ့ပြီး ရခိုင်ပြည်နယ်တွင် မြန်မာ စစ်တပ်နှင့် အတူ စစ်ရေး စုဖွဲ့မှုများ ရှိခဲ့ကြောင်းကိုလည်း တွေ့ဆုံမေးမြန်းခံရသူများက ထုတ်ဖော် ပြောကြားခဲ့သည်။

၄၇။ အာရက္ခ တပ်တော်သည် "ရခိုင်ပြည်နယ် အတွင်း မည်သူတစ်ဦးတစ်ယောက်ကိုမျှ အဓမ္မ စစ်သား စုဆောင်းခြင်း မရှိပါ။" ဟု OHCHR အား အတိအလင်း ထုတ်ဖော်ပြောခဲ့သော်လည်း ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလတွင် စစ်တွေရှိ စစ်ရှောင် စခန်းများမှ လည်းကောင်း၊ အစီရင်ခံစာ တင်သွင်းသည့် ကာလ အတွင်း ဘူးသီးတောင်၊ မောင်တော၊ ပေါက်တော၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြားနှင့် မြေပုံ ဒေသများမှ လည်းကောင်း အဓမ္မ စစ်သား စုဆောင်းမှုများ ရှိခဲ့သည်ဟု အတည်ပြုနိုင်သော အစီရင်ခံချက်များကို ရရှိခဲ့သည်။ နေရပ် စွန့်ခွာလာရခြင်း၏ အဓိက အကြောင်းရင်းမှာ အဓမ္မ စစ်သား စုဆောင်းခြင်းကြောင့် ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ် နိုင်ငံတွင် ခိုလှုံရန် လတ်တလော ရောက်ရှိလာသော ရိုဟင်ဂျာများ၏ ပြောဆိုချက် အရ သိရသည်။ ရိုဟင်ဂျာရွာများကို သတ်မှတ် အရေအတွက်ဖြင့် စစ်မှုထမ်းရန် အာရက္ခ တပ်တော်မှ စစ်သည်များက သတ်မှတ်ထုတ်ပြန်ထားပြီး ထိုထုတ်ပြန်ချက် အတိုင်း မဖော်ဆောင်နိုင်ပါက နေရပ်စွန့်ခွာခြင်း အပါအဝင် အခြား ပြစ်ဒဏ်များ ပေးခံရသည် အထိ ဦးတည်နိုင်သောကြောင့် ကြောက်ရွံ့မိကြောင်း တွေ့ဆုံ မေးမြန်းခံရသူများက ဖော်ပြခဲ့သည်။ ရိုဟင်ဂျာ လက်နက်ကိုင် အဖွဲ့များနှင့် ဆက်စပ်မှု ရှိသည်ဟူသည့် စွပ်စွဲချက်များဖြင့် အဓမ္မ စစ်သား စုဆောင်းရာတွင် တရားလက်လွတ် ဖမ်းဆီးချုပ်နှောင်မှု၊ ညှင်းပန်းနှိပ်စက်မှုနှင့် မတရား ဆက်ဆံမှုများ ရှိကြောင်းကိုလည်း ထပ်ခါတလဲလဲ အစီရင်ခံတင်ပြကြသည်။ ဘူးသီးတောင် အကျဉ်းထောင် အပါအဝင် အာရက္ခ တပ်တော်၏ ဖမ်းဆီးထိန်းသိမ်းခံရစဉ် အချိန်အတွင်း အဓမ္မ အလုပ်ခိုင်းစေခြင်း သာမက ကိုယ်လက်အင်္ဂါ ခန္ဓာအစိတ်အပိုင်းများအား ရိုက်နှက်ခြင်း၊ မီးရှို့ခြင်းနှင့် ဖြတ်တောက်ခြင်း အပါအဝင် ညှင်းပန်းနှိပ်စက်မှုနှင့် မတရား ဆက်ဆံမှုများကို ကြောက်မက်စဖွယ် ကြုံတွေ့ခဲ့ရကြောင်း ရှင်သန်လွတ်မြောက်လာသူများက ဖော်ပြကြသည်။ အချို့ဖြစ်ရပ်တွင် ဖမ်းဆီး ချုပ်နှောင်ခံထားရသူများ၏ အခြေအနေနှင့် ၎င်းတို့၏ တည်နေရာ ဆိုင်ရာ အချက်အလက်များကို ၎င်းတို့၏ ဆွေမျိုးများက လုံးဝ မသိရပေ။ ထိုသို့ ဖမ်းဆီးခံထားရသူများ လွတ်မြောက်လာပြီးနောက် ၎င်းတို့ အကျဉ်းကျနေစဉ် အဆိုးရွားဆုံး အခြေအနေများကို ပြန်လည် ဖော်ပြခဲ့ကြပြီး ထောင်အတွင်း လူဦးရေ ပြွတ်သိပ်နေခြင်းနှင့် အရွယ်ရောက်ပြီးသူများ အကြားတွင် အသက်မပြည့်သူများ ရှိနေခြင်း စသည့် ထပ်မံ စိုးရိမ်ဖွယ်ရာ အခြေအနေများကို ဖော်ပြခဲ့ကြသည်။

၄၈။ ဒီဇင်ဘာလ၊ ၈ ရက်နေ့တွင် ကညင်တန်း ကျေးရွာ၌ မောင်းတောကို သိမ်းယူမည့် နောက်ဆုံး တိုက်ပွဲ ဖြစ်ပွားပြီးနောက် အာရက္ခ တပ်တော်သည် မြန်မာ စစ်သား အမြောက်အများနှင့် ရိုဟင်ဂျာ စစ်မှုထမ်း လူသစ်များကို ဖမ်းဆီးပြီး မီးရှို့ခဲ့ကြောင်း ကြားသိရသည်။ ဖော်ပြသည့် ထိုနေရာ၌ မီးလောင်မှုများ ရှိကြောင်း ဂြိုလ်တု ဓာတ်ပုံများအရ အတည်ပြုနိုင်ခဲ့သည်။[19] တိုက်ပွဲဝင်နိုင်သည့် အခြေအနေ မရှိတော့သည့် ရိုဟင်ဂျာ ၅၀ ကျော်ကို နီးစပ်ရာ စာသင်ကျောင်းသို့ ပြောင်းရွှေ့ကာ ပြင်းထန်စွာ ရိုက်နှက်ပြီး ကွပ်မျက်ခဲ့ကြောင်း တွေ့ဆုံမေးမြန်းခံရသူများက ပြောကြားခဲ့သည်။ ယင်းနောက် အလောင်းများကို လမ်းဘေးရှိ ရေစီးမြောင်း အတွင်း စုပုံပြီး စွန့်ပစ်ခဲ့သည်ဟု သတင်း ရရှိသည်။ ၎င်းမြန်မာ စစ်သားများ၏ နောက်ဆက်တွဲ အခြေအနေနှင့် ဆက်စပ်၍ မည်သည့် အချက်အလက်မျှ မရရှိနိုင်ပေ။

၄၉။ ဘေးကင်းလုံခြုံရေး ဆိုင်ရာ စိုးရိမ်ပူပန်မှု တိုးမြင့်မှုနှင့် လူသားချင်း စာနာမှု လိုအပ်ချက်များ မြင့်မားလာမှုတို့မှာ ကြိမ်ဖန်များစွာ နေရပ်စွန့်ခွာရခြင်းကြောင့် ပို၍ ဆိုးရွားစေခဲ့ပြီး လူ့အခွင့်အရေး

[19] https://firms.modaps.eosdis.nasa.gov/map/#d:2024-12-08;@92.37,20.82,14.00z

အခြေအနေ ရုတ်လျော့လာမှု အပေါ်လည်း ကြီးမားစွာ သက်ရောက်ခဲ့ပါသည်။ ရခိုင်ပြည်နယ်သို့ စားသောက်ကုန်နှင့် အခြား ပစ္စည်းများ ပို့ပေးမှုကို ကန့်သတ်ရန် မြန်မာ စစ်တပ်က ချမှတ်ထားသည့် ကန့်သတ်ချက်များကြောင့် ရိုဟင်ဂျာများ အပေါ်လည်း ဆိုးရွားစွာ သက်ရောက်မှု ရှိကာ မလုံခြုံမှုနှင့် ငတ်မွတ်ခေါင်းပါးမှုကို ကျော်လွှားနိုင်ရန် ရုန်းကန်ရသည့် အပြင် ရိုဟင်ဂျာ အသိုက်အဝန်း အတွင်း ပံ့ပိုးမှုမှ လွဲ၍ မည်သည့် အထောက်အပံ့မှ မရရှိခြင်းတို့ကို ကြုံတွေ့နေရပါသည်။ စားနပ် ရိက္ခာ၊ ဆေးဝါးနှင့် သောက်သုံးရေ မလုံလောက်မှုကြောင့် လူသေဆုံးမှုများရှိကြောင်း သတင်း ရရှိခဲ့သည်။ လက်ရှိ အချိန်တွင် အငတ်ဘေး ဆိုက်ရောက်နိုင်သည့် အန္တရာယ် ရှိကြောင်း သတိပေးချက်များ ထုတ်ပြန်ခြင်း မရှိသေးသော်လည်း[20] ရခိုင်ပြည်နယ် မြောက်ပိုင်းနှင့် စစ်ရှောင် စခန်းများရှိ ရိုဟင်ဂျာ အများအပြားသည် စားနပ်ရိက္ခာ မဖူလုံသည့် အရေးပေါ် အခြေအနေကို ဆက်လက် ကြုံတွေ့ရကာ ချက်ချင်း အရေးပေါ် အကူအညီများ ရရှိရန် လိုအပ်နေပါသည်။ မလုံလောက်သော နေထိုင်မှု အခြေအနေနှင့် ကျန်းမာရေး စောင့်ရှောက်မှု မရရှိနိုင်ခြင်းတို့ကြောင့် အရေပြား ရောဂါနှင့် ယားနာဖု၊ ဝမ်းပျက်ဝမ်းလျှော၊ အသည်းရောင် အသားဝါရောဂါနှင့် ငှက်ဖျားရောဂါ အပါအဝင် ကူးစက်နိုင်သော ရောဂါများ ပျံ့နှံ့ခဲ့သည်။ စစ်တွေရှိ စစ်ရှောင် စခန်းများတွင် စားနပ်ရိက္ခာနှင့် ဆေးဝါး အလွန်အမင်း မလုံလောက်မှု၊ ငွေကြေးဖောင်းပွမှု၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်း အခွင့်အလမ်း မရှိမှုနှင့် လက်တွေ့ လိုအပ်ချက်များနှင့် နှိုင်းယှဉ်ပါက လူသားချင်း စာနာထောက်ထားမှု အကူအညီများ မလုံလောက်ခြင်းကြောင့် အခြေအနေမှာ ပို၍ ဆိုးရွားလာခဲ့သည်။ ထို့အပြင် နေ့တဓူဝ အစားအစာ လျှော့ချ စားသုံးခြင်းနှင့် ဆိုးရွားသော လုပ်ငန်းခွင် အခြေအနေတွင် လုပ်ကိုင်ရခြင်း ကဲ့သို့ ဘေးထွက် ဆိုးကျိုး ရှိသော အခြား ဖြေရှင်းနည်းများနှင့် အတူ မိမိကိုယ်ကို သတ်သေရန် ကြိုးပမ်းမှုများကိုပါ ကြားသိခဲ့ရပြီး ၎င်းတို့သည် ရိုဟင်ဂျာ အရပ်သားများ၏ အလွန် နက်ရှိုင်းသော မျှော်လင့်ချက်မဲ့သည့် အခြေအနေကို ထင်ဟပ် ဖော်ပြနေပါသည်။

၅၀။ အာရက္ခ တပ်တော်က ၎င်းတို့သည် "လူမှု အသိုက်အဝန်းအားလုံးကို တူညီသော မူဝါဒဖြင့် တန်းတူ ဆက်ဆံသည်။" ဟု OHCHR ကို ဖြေကြားခဲ့သော်လည်း ရိုဟင်ဂျာများ၏ လူ့အခွင့်အရေးနှင့် လွတ်လပ်ခွင့်ကို ကန့်သတ်သည့် အစိုးရ အဆက်ဆက် ချမှတ်ထားသည့် ကန့်သတ်ချက်များအား ဆက်လက် ချမှတ်ကျင့်သုံးနေဆဲ ဖြစ်သည်။ မြန်မာ စစ်တပ် ကဲ့သို့ပင် အာရက္ခ တပ်တော်သည် ရိုဟင်ဂျာများ၏ အမှတ်သင်္ကေတကို ငြင်းဆန်ကာ "ဘင်္ဂါလီများ" သို့မဟုတ် "မွတ်စလင်များ"ဟု ဆက်လက် ခေါ်ဆိုနေဆဲ ဖြစ်သည်။ ရိုဟင်ဂျာများ အပေါ် ညမထွက်ရ ကန့်သတ်ချက်နှင့် ဘာသာရေး ကိုးကွယ်ခွင့်အား အလွန်အမင်း ကန့်သတ်မှု အပါအဝင် လွတ်လပ်စွာ သွားလာခွင့်အား ကန့်သတ်ချုပ်ချယ်မှုများ၊ ငါးဖမ်းခွင့် လိုင်စင်များအား ကန့်သတ်မှုနှင့် ကျေးရွာမှ ထွက်ခွာရန် အုပ်ချုပ်ရေးမှူးများထံမှ ခွင့်ပြုမိန့် ရရှိရန် အလွန်များပြားသည့် ငွေပမာဏ ကောက်ခံမှုများ အပါအဝင် အသက်မွေးဝမ်းကြောင်း လုပ်ငန်း အခွင့်အလမ်းများအား ကန့်သတ် ချုပ်ချယ်မှု သာမက စောင့်ကြည့်ခြင်းနှင့် ဖုန်းများ သိမ်းယူခြင်း အပါအဝင် ဆက်သွယ်ရေး ဆိုင်ရာ ကန့်သတ်ချက်များကို OHCHR က ဆက်လက် မှတ်တမ်း ပြုစုနေပါသည်။ ရိုဟင်ဂျာများသည် ဖုန်းခေါ်ဆိုလိုပါက အငှား ဖုန်းခေါ်ဆိုရာ နေရာများတွင်သာ ဖုန်းပြောခွင့် ရပြီး ၎င်းအငှား ဖုန်းခေါ်ဆိုရာ နေရာများကလည်း အာရက္ခ တပ်တော်ထံ ဖုန်းခေါ်ဆိုမှု မှတ်တမ်းများအား စာရင်း ပြုစု၍ ပေးပို့ရန် စည်းကမ်း သတ်မှတ်ထားကြောင်း ရခိုင် ပြည်နယ် မြောက်ပိုင်းရှိ တွေ့ဆုံ မေးမြန်းခံရသူများမှ သိရပါသည်။

၅၁။ ထိုသို့ ရိုဟင်ဂျာများ စဉ်ဆက်မပြတ် ကြုံတွေ့နေရသည့် ကျပ်တည်းလှသည့် အခြေအနေနှင့် အကြောက်တရားနှင့် အစဉ် နေထိုင်ရမှုကြောင့် နိုင်ငံရပ်ခြားသို့ ထွက်ခွာရန် ကြိုးပမ်းရာ၌လည်း ဝမ်းနည်းစဖွယ် ဖြစ်ရပ်များအား မကြာခဏ ကြုံတွေ့ရပြန်သည်။ ၂၀၂၅ ခုနှစ်တွင် ပေါက်တောနှင့် ကျောက်တော်မှ ရာနှင့်ချီသော ရိုဟင်ဂျာများသည် ထိုင်းနှင့် မလေးရှား နိုင်ငံသို့ သွားရောက်ရန်

[20] https://www.undp.org/asia-pacific/publications/rakhine-a-famine-in-the-making

ကြိုးပမ်းခဲ့ကြဟန် ရှိသည်။ ဖေဖဝါရီလ၊ ၁၂ ရက်နေ့တွင် မွန်ပြည်နယ်၊ ရေးမြို့နယ်၌ စစ်တပ်က ရိုဟင်ဂျာများအား တင်ဆောင်လာသည့် လှေတစ်စင်းကို ပစ်ခတ်သဖြင့် လူ ၆ ဦး သေဆုံးခဲ့သည်။ ၎င်းတို့၏ အလောင်းများကို နောက်နေ့ နံနက်ပိုင်းတွင် ကမ်းပေါ်၌ တွေ့ရှိခဲ့သည်။ ဘင်္ဂလားဒေ့ရှ်သို့ ခြေလျင် ခရီးသွားသော ရိုဟင်ဂျာများသည် ပစ်ခတ်မှု၊ ဒရုန်း တိုက်ခိုက်မှု၊ မြေမြှုပ်မိုင်းများ၊ မပေါက်ကွဲသေးသည့် ဗုံးလက်နက်နှင့် လူကုန်ကူးသမားများ၏ သားကောင် ဖြစ်နိုင်သောကြောင့် အန္တရာယ် များလှပါသည်။ ဘင်္ဂလားဒေ့ရှ်ရှိ ရိုဟင်ဂျာများက အခြား နေရာသို့ သွားခွင့် ရနိုင်ရန် အာရက္ခ တပ်တော်ရှိ ဝန်ထမ်းများနှင့် လူကုန်ကူးသမားများအား ကျပ်ငွေ ၅၂ သိန်း (အမေရိကန် ဒေါ်လာ ၁,၂၀၀) အထိ အခကြေးငွေ ပေးဆောင်ရကြောင်း ဖော်ပြခဲ့သည်။ ကုလသမဂ္ဂ အဖွဲ့မှ ထုတ်ပြန်ထားသော ကိန်းဂဏန်းများ အရ ၂၂၀၃ ခုနှစ်၊ နိုဝင်ဘာလမှစ၍[21] ယနေ့ အထိ ရိုဟင်ဂျာ ၁၁၈,၀၀၀ သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ခဲ့သည်ဟု ခန့်မှန်းထားသော်လည်း ဒေသခံ သတင်းရင်းမြစ်များ၏ ဖော်ပြချက် အရ ထိုအရေအတွက်သည် ခန့်မှန်းသည်ထက် နှစ်ဆ နီးပါး မြင့်မားနိုင်ကြောင်း သိရသည်။

၅၂။ ဘင်္ဂလားဒေ့ရှ် နိုင်ငံမှ ထွက်ခွာခြင်း အပါအဝင် ပင်လယ်ပြင်မှ တဆင့် အခြား နိုင်ငံများသို့ သွားလာကြရာ၌ ရိုဟင်ဂျာများမှာ ဝမ်းနည်းစွာ သေဆုံးမှုများနှင့် ဆက်လက် ကြုံတွေ့နေရဆဲ ဖြစ်သည်။ ကုလသမဂ္ဂ ထုတ်ပြန်ထားသော ကိန်းဂဏန်းများ အရ ၂၀၂၄ ခုနှစ် အတွင်း လူပေါင်း ၇,၈၀၀ ထက်မနည်း မြန်မာနိုင်ငံမှ လှေဖြင့် ထွက်ပြေးခဲ့ကြပြီး ၂၀၂၃ ခုနှစ်တွင် လူပေါင်း ၆၅၀ သေဆုံး၊ပျောက်ဆုံးသဖြင့်[22] ၂၀၂၃ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၈၀ ရာခိုင်နှုန်း တိုးလာကာ ၂၀၁၅ ခုနှစ်၊ အက်ဒမန် ပင်လယ်ပြင် အကျပ်အတည်းကို အမှတ်ရစေခဲ့ပါသည်။[23] ဇန်နဝါရီလ ၃ ရက်နေ့မှ ၅ ရက်နေ့ အတွင်း မလေးရှားနှင့် အင်ဒိုနီးရှားသို့ ရောက်ရှိလာသော ရိုဟင်ဂျာ ၄၆၀ ခန့်ကို ခြေရာခံ တွေ့ရှိခဲ့ပါသည်။[24] ၂၀၂၅ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ပင်လယ်ပြင် ဝမ်းနည်းဖွယ်ရာ အကြီးမားဆုံး ဖြစ်ရပ် တစ်ခုမှာ ရိုဟင်ဂျာ ၅၁၄ ဦးနှင့် ၄၂၇ ဦးထက် မနည်း တင်ဆောင်လာသော လှေနှစ်စင်းသည် မေလ ၉ ရက်နေ့တွင် တိမ်းမှောက်ကာ လှေတွင် ပါလာသူများ သေဆုံးခဲ့ခြင်း ဖြစ်သည်။[25] လှေဖြင့် စွန့်ခွာထွက်ပြေးမှု တိုးလာသည့် ပုံစံတူ အခြေအနေအား အတည်ပြုရင်း မေလကုန်ပိုင်းတွင် ၂၀၂၅ ခုနှစ်အတွင်း အန္တရာယ်များလှသည့် ပင်လယ်ပြင်ကို ဖြတ်သန်းသည့် ရိုဟင်ဂျာ အရေအတွက်သည် လူဦးရေ ၃,၀၀၀ ကျော်သို့ ရောက်ရှိပြီး ဖြစ်သည်။ ၂၀၂၅ ခုနှစ်၊ မေလတွင် ယုံကြည်စိတ်ချရသည့် သတင်းများ အရ အိန္ဒိယ ရေတပ် သင်္ဘော တစ်စီးသည် အက်ဒမန် ပင်လယ်နှင့် ထိစပ်နေသော မြန်မာ နိုင်ငံ တောင်ဘက် ကမ်းရိုးတန်းသို့ ရိုဟင်ဂျာ ၄၀ ခန့်ကို သယ်ယူ ပို့ဆောင်ပေးခဲ့ကာ ၎င်းတို့အား သင်္ဘောမှ ကမ်းရိုးတန်းသို့ လက်ပစ်ကူးသွားရန် အဓမ္မ ဖိအား ပေးခဲ့သည်။[26] ထိုသို့ မြန်မာပြည်သို့ ပြန်လည် ပို့ဆောင်ခံရသော ရိုဟင်ဂျာများသည် တနင်္သာရီ တိုင်းတွင် ပိတ်မိနေပြီး ထိုဒေသရှိ လက်နက်ကိုင် အဖွဲ့၏ ထိန်းချုပ်မှု အောက်သို့ ၎င်းတို့ကို ပို့ဆောင်ခဲ့သည်။

၅၃။ အစီရင်ခံစာ တင်သွင်းသည့် ကာလအတွင်း နိုင်ငံတကာ အဆင့်၌ တာဝန် ခံမှု ဆိုင်ရာ တိုးတက်မှု အချို့ ရှိခဲ့သည်။ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလတွင် အပြည်ပြည်ဆိုင်ရာ ရာဇဝတ် ခုံရုံး (ICC) ၏ ရှေ့နေချုပ်သည် မြန်မာ စစ်တပ်၏ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ဖမ်းဆီးမိန့် ထုတ်ရန်

[21] https://data.unhcr.org/en/documents/details/116480
[22] https://data.unhcr.org/en/documents/details/114965
[23] https://www.hrw.org/news/2025/05/26/10-years-rohingya-refugees-stranded-sea
[24] https://data.unhcr.org/en/situations/myanmar?_kx=pySQ9eMlle8Wwy80YnHU3cXJTM8dzbzZxilW30UT6NU.WPtBYy
[25] https://www.unhcr.org/news/press-releases/unhcr-fears-extreme-desperation-led-deaths-427-rohingya-sea
[26] https://www.ohchr.org/en/press-releases/2025/05/alarmed-reports-rohingya-cast-sea-indian-navy-vessels-un-expert-launches

တရားရုံးထံ ဦးတိုက် လျှောက်ထားခဲ့ပြီး ယင်းနောက် ဆက်လက် လျှောက်ထားမှုများ ရှိဦးမည်ဟု ဆိုခဲ့သည်။ ယင်းလျှောက်ထားမှုသည် တရားစီရင်ရေး အကြို ကြားနာရုံး Pre-Trial Chamber ရှေ့မှောက်တွင် ဆိုင်းငံ့နေဆဲ ဖြစ်သည်။[27] အပြည်ပြည်ဆိုင်ရာ တရားရုံး (ICJ) တွင် ဂမ်ဘီယာနှင့် မြန်မာ နိုင်ငံကြား အမှုတွင် နှစ်နိုင်ငံ အကြား ပထမဆုံး အကြိမ် ရေသား လျှောက်လဲချက် ပေးသည့် လုပ်ငန်းစဉ်များ ပြီးဆုံးခဲ့သည်။ ထိုအမှုတွင် နောက်ဆုံး ပါဝင်လာသည့် ၄ နိုင်ငံ အပါအဝင် စုစုပေါင်း ၁၁ နိုင်ငံမှ ပါဝင်ရန် ဆန္ဒပြုချက်ကို တရားရုံးက လက်ခံရရှိကြောင်း ကြေညာခဲ့ပြီး ယင်းနောက်ဆုံး ၄ နိုင်ငံ၏ တင်သွင်းချက်များကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာတွင် ဆွေးနွေးရန် သတ်မှတ်ထားသည်။[28] ၂၀၂၅ ခုနှစ်၊ ဖေဖဝါရီလ၊ ၁၃ ရက်နေ့တွင် အာဂျင်တီးနား တရားဥပဒေမှ အသိအမှတ် ပြုထားသည့် အပြည်ပြည်ဆိုင်ရာ တရားစီရင်မှု (universal jurisdiction) အခြေခံမှု[29] အရ အာဂျင်တီးနား နိုင်ငံရှိ တရားရုံး တစ်ရုံးက မြန်မာ နိုင်ငံနှင့် ဆက်စပ်၍ ဖမ်းဝရမ်းများ ထုတ်ပြန်ခဲ့သည်။ အရပ်ဘက် လူမှု အဖွဲ့အစည်းမှ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံ မေးမြန်းခံရသူများသည် အထက် ဖော်ပြပါ ခြေလှမ်းများကို လက်ခံ ကြိုဆိုသော်လည်း မြန်မာ နိုင်ငံ၏ အခြေအနေ တစ်ရပ်လုံးကို အပြည်ပြည်ဆိုင်ရာ ရာဇဝတ် ခုံရုံးသို့ လွှဲပြောင်းရန် အပါအဝင် ပို၍ ကျယ်ပြန့်ပြီး ထိရောက်သော ဆောင်ရွက်ချက်များအား ဖော်ဆောင်ရန် ဆက်လက် တောင်းဆိုလျက်ရှိသည်။

## ၆။ နိဂုံးချုပ်နှင့် အကြံပြု တိုက်တွန်းချက်များ

**၅၄။ ယခင် အစီရင်ခံစာများတွင် မှတ်တမ်းတင်ခဲ့ သကဲ့သို့ လူ့အခွင့်အရေး အကျပ်အတည်းမှာ တဖြည်းဖြည်း ဆိုးရွားလာသော်လည်း မီဒီယာ သတင်းကဏ္ဍနှင့် နိုင်ငံရေး နယ်ပယ်များတွင် မြန်မာ နိုင်ငံ၏ လူ့အခွင့်အရေး အကျပ်အတည်း အပေါ် အာရုံစိုက်မှုမှာ လျော့နည်းလာခဲ့သည်။ ကုလသမဂ္ဂ အဖွဲ့မှ ရင်ဆိုင်နေရသော ဘဏ္ဍာရေး ဆိုင်ရာ အကျပ်အတည်းနှင့် အလှူရှင် အဖွဲ့အစည်းများ၏ လျော့ကျလာသော ထောက်ပံ့မှုများသည် ဤအစီရင်ခံစာနှင့် မကြာသေးမီက ထုတ်ပြန်ခဲ့သော အစီရင်ခံစာများအား စုစည်းရေးသားနိုင်သည့် OHCHR ရုံး၏ စွမ်းဆောင်ရည် အပေါ် အလွန်အကျွံ ကန့်သတ်စေသည့် အပြင် အစီရင်ခံစာနှင့် ဆက်စပ်သော နောက်ဆက်တွဲ လုပ်ငန်းဆောင်တာများ ဖြစ်သည့် ကာကွယ်စောင့်ရှောက်ရေး၊ ကောင်းမွန်သော အုပ်ချုပ်ရေး၊ တာဝန်ခံမှု ရှိရေးနှင့် အရပ်ဘက် ကဏ္ဍ အားကောင်းရေး လုပ်ငန်းစဉ်များ အပေါ် အကန့်အသတ် ဖြစ်စေပါသည်။ သတင်းများအား စိစစ်အတည်ပြုနိုင်ရေး အတွက် အချက်အလက်များ မှန်ကန်မှုနှင့် ကြားနေမှု ရှိစေရန် အရင်းအမြစ်များနှင့် အချိန် လိုအပ်သောကြောင့် မြန်မာ နိုင်ငံရေးရာ OHCHR ရုံး၏ လုပ်ငန်းဆောင်တာများ အတွက် ငွေကြေးပံ့ပိုးမှု တိုးတက်အားကောင်းခြင်း မရှိပါက ဤကဲ့သို့သော အစီရင်ခံစာများကို ထုတ်ပြန်နိုင်ခြင်း မရှိနိုင်တော့ပါ။**

**၅၅။ အရပ်သားများနှင့် ကာကွယ်စောင့်ရှောက်ရမည့် အဆောက်အအုံများ အပေါ် စစ်ဘက် အရပ်ဘက် ပစ်မှတ် ခွဲခြားသတ်မှတ်ခြင်း မရှိဘဲ စစ်ရေး အရ ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျ တိုက်ခိုက်မှု၊ အတင်းအကျပ် နေရပ်စွန့်ခွာစေမှု၊ အဓမ္မ စစ်မှုထမ်းစေမှု၊ အစဖျောက်မှု၊ တရား လက်လွတ် ဖမ်းဆီးမှု၊ မီးလောင်တိုက်သွန်းမှုနှင့် အိမ်ခြံ အဆောက်အအုံများအား ဖျက်ဆီးမှု၊ လူသားချင်း စာနာမှု အကူအညီ ပေးခွင့်အား ငြင်းဆန်ခြင်းနှင့် မြန်မာ ပြည်သူလူထု အကြား အကြောက်တရား လွှမ်းမိုးစေရန် ရည်ရွယ်၍ ကြီးလေးသော လူ့အခွင့်အရေး ချိုးဖောက်မှုများအား ထပ်တလဲလဲ ကျူးလွန်မှုတို့ကြောင့် အရပ်သား ပြည်သူလူထုသည် သေကြေ ပျက်စီးမှုများအား**

[27] https://www.icc-cpi.int/bangladesh-myanmar

[28] https://www.icj-cij.org/case/178

[29] https://brouk.org.uk/argentina-court-issues-international-arrest-warrant-for-min-aung-hlaing-a-historic-step-towards-justice-for-rohingya-genocide-2/

ဆက်လက် ကြုံတွေ့နေရပါသည်။ မြန်မာ စစ်တပ်သည် အရပ်သားများ နေထိုင်ကျက်စားရာ နေရာများတွင် ဒရုန်းနှင့် ပါရာ မော်တာ အသုံးချမှု၊ လက်နက်ကြီးများဖြင့် ပစ်ခတ်မှုများ အပါအဝင် လေကြောင်းတိုက်ခိုက်မှု အပေါ် အလွန် အမှီသဟဲ ပြုလာခြင်း အပြင် စာသင်ကျောင်းများ၊ ဈေးများ၊ ဘာသာရေး အဆောက်အအုံများနှင့် စစ်ဘေးရှောင် ဒုက္ခသည် စခန်းများ အပေါ်လည်း မကြာခဏ ပစ်မှတ်ထားလာပါသည်။ ၂၀၂၅ ခုနှစ်၊ မတ်လ၊ ၂၈ ရက်နေ့တွင် ငလျင် လှုပ်ခတ်ပြီးနောက် မြန်မာ စစ်တပ်သည် အရပ်သားများအား ကာကွယ်စောင့်ရှောက်ရန် လုံးဝ အလေးမထားသည်ကို ပိုမို ရှင်းလင်းစွာ တွေ့မြင်ခဲ့ရသည်။ မြန်မာ စစ်တပ်သည် တစ်ဖက်သတ် အပစ်အခတ် ရပ်စဲကြောင်း ကြေညာထားသော်လည်း ၎င်းသည် ငလျင်ဒဏ်သင့် ဒေသများနှင့် နိုင်ငံ အဝှမ်းရှိ အရပ်သားများကို ဗုံးကြဲတိုက်ခိုက်ခြင်းနှင့် ထိုးစစ်ဆင်ခြင်းများ ဆက်လက် ပြုလုပ်ခဲ့သည်။ မြန်မာ စစ်တပ်သည် ယခင် သဘာဝဘေး ကျရောက်ပြီး ပြုမူခဲ့သကဲ့သို့ပင် တနိုင်ငံလုံးနှင့် အထူးသဖြင့် ၎င်းတို့ ထိန်းချုပ်မှု အောက်တွင် မရှိသော ဒေသများ၌ လူသားချင်း စာနာထောက်ထားမှု ကူညီခွင့်အား တားဆီး ပိတ်ပင်ခဲ့ရာ ကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာ စိုးရိမ်ပူပန်မှုများနှင့် လူသားချင်း စာနာမှု ဆိုင်ရာ လိုအပ်ချက်များ ပိုမို မြင့်တက်ခဲ့ပြီး အမျိုးသမီးနှင့် ကလေးသူငယ်များမှာ အချိုးမညီစွာ ပို၍ ထိခိုက် ခံစားကြရပါသည်။

၅၆။ ရခိုင်ပြည်နယ်တွင် တိုက်ပွဲ ပြင်းထန်လာခြင်းကြောင့် အရပ်သား သေကြေမှု အရေအတွက် အလွန် များလာသလို လူဦးရေ သိန်းနှင့် ချီ၍ နေရပ်စွန့်ခွာ ထွက်ပြေးခဲ့ရပြီး ၎င်းတို့မှ အများစုမှာ အကြိမ်ကြိမ် နေရပ်စွန့်ခွာ ထွက်ပြေးခဲ့ပြီး ဖြစ်သည်။ အစီရင်ခံစာ တင်သွင်းသည့် ကနဦး ကာလ အတွင်း ရိုက်ကူးထားသည့် ဗီဒီယို မှတ်တမ်းနှင့် ဓာတ်ပုံများသည် ၂၀၁၇ ခုနှစ်တွင် မြင်တွေ့ရသည့် ရုပ်ပုံများနှင့် ဆင်တူသည့် သေဆုံးမှု၊ ဖျက်ဆီးမှုနှင့် အလွန်အမင်း အကူအညီ လိုအပ်သည့် အခြေအနေများကို ဖော်ပြထားပါသည်။ ဤကာလအတွင်း ရိုဟင်ဂျာများသည် မြန်မာ စစ်တပ်နှင့် အာရက္ခ တပ်တော်တို့ အကြား ကြားညှပ်နေပြီး ၎င်းတို့သည် ဖော်ပြပါ နှစ်ဖွဲ့စလုံးမှ စနစ်တကျ လူ့အခွင့်အရေး ချိုးဖောက်မှုများအား ခံစားနေရသည်။ အာရက္ခ တပ်တော်သည် ရခိုင်ပြည်နယ် မြောက်ပိုင်းကို ထိန်းချုပ်လာသည်နှင့် အမျှ ရိုဟင်ဂျာများ အပေါ် လူ့အခွင့်အရေး ချိုးဖောက်မှုကို အဓိက ကျူးလွန်သည့် အဖွဲ့ ဖြစ်လာပါသည်။ သတ်ဖြတ်မှုများ၊ အဓမ္မ စစ်သားစုဆောင်းမှု၊ နေရပ်စွန့်ခွာရမှု၊ အစဖျောက်မှု၊ ဖမ်းဆီးမှု၊ မီးရှို့ဖျက်ဆီးမှု၊ ငွေညှစ်ခြိမ်းခြောက်မှု၊ လုယက်မှုနှင့် အိုးအိမ်များအား သိမ်းယူမှုတို့သည် ရခိုင် ပြည်နယ် မြောက်ပိုင်းတွင် ပုံမှန် ဖြစ်ပွားလေ့ရှိပြီး ရာချီသော သေဆုံးမှုများနှင့် အလွန်အမင်း အတိဒုက္ခရောက်မှုကို ဖြစ်ပေါ်စေခဲ့ပါသည်။ စစ်တပ်မှ ပိတ်ဆို့မှုများကြောင့် လူသားချင်း စာနာမှု ကူညီခွင့်မှာ အလွန်အမင်း ကန့်သတ်ခံနေရဆဲ ဖြစ်ပြီး အစားအစာ၊ ဆေးဝါးနှင့် အမိုးအကာ ကဲ့သို့ အခြေခံ လိုအပ်ချက် အများစုကို မဖြည့်ဆည်းနိုင်ခဲ့ပေ။ ထိုအခြေအနေကြောင့် စားနပ်ရိက္ခာ မလုံလောက်မှုအား အရေးပေါ် အဆင့် ခံစားနေရပြီး အသက် ရှင်သန်နိုင်ရေး ရုန်းကန်နေရသော လူ့အသိုက်အဝန်း အားလုံးနှင့် အထူးသဖြင့် ရိုဟင်ဂျာများ၏ အခြေအနေကို ပိုမို ဆိုးရွားစေပါသည်။

၅၇။ မြန်မာနိုင်ငံ၏ အရပ်သား လူထုမှာ လူ့အခွင့်အရေး ချိုးဖောက်မှုအား မတူကွဲပြားသည့် အရွယ်အစားနှင့် ပြင်းထန်မှု အဆင့်ဖြင့် ခံစားနေရသော်လည်း စစ်တပ်နှင့် ဆက်နွယ်သည်ဟု ထင်မြင်ယူဆခြင်း ခံရသူများအား ဥပဒေမဲ့ ကွပ်မျက်ခြင်း၊ မြေမြုပ်မိုင်း အသုံးပြုမှု အပါအဝင် အရပ်ဘက် စစ်ဘက် မခွဲခြားဘဲ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အရပ်သားများ သေကြေမှုနှင့် ထိန်းသိမ်း စောင့်ရှောက်ရမည့် အဆောက်အအုံများ ပျက်စီးမှုနှင့် အဓမ္မ စစ်သား စုဆောင်းခြင်း စသည့် မြန်မာ စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့များ၏ လူ့အခွင့်အရေး ချိုးဖောက်မှုနှင့် အလွဲသုံးစားပြုမှုအား ရင်ဆိုင်နေရပါသည်။

၅၈။ လက်နက်ကိုင် အဖွဲ့အစည်းအားလုံးသည် ပြစ်ဒဏ် ကင်းလင်းခွင့် အပြည့်အဝ ရနေသည့် အလား ဆောင်ရွက်ခဲ့ကြသဖြင့် အကြမ်းဖက်မှုများ ထပ်တလဲလဲ ဖြစ်ပွားလာကာ အရပ်သား လူထု အတွက် အဆုံးမသတ်နိုင်သော ဒုက္ခသံသရာ စက်ဝန်းအတွင်း သက်ရောက်စေပါသည်။ အထက် ဖော်ပြပါ တွေ့ရှိချက်များ အပေါ် ထည့်သွင်းစဉ်းစားလျက် ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီးသည် မြန်မာ နိုင်ငံ၏ အခြေအနေအား အပြည်ပြည်ဆိုင်ရာ ရာဇဝတ် ခုံရုံးသို့ အပြည့်အဝ လွှဲပြောင်းရေး အတွက် ယခင် တောင်းဆိုချက်များကို ထပ်မံ အတည်ပြုပါသည်။ ထို့အပြင် မြန်မာ စစ်တပ်ကို အောက်ပါအတိုင်း တောင်းဆိုလိုက်သည်။

(က) ကုလသမဂ္ဂ လုံခြုံရေး ကောင်စီ ဆုံးဖြတ်ချက် အမှတ် ၂၆၆၉ (၂၀၂၂) နှင့် အညီ စာသင်ကျောင်း၊ ဆေးရုံ၊ ဘာသာရေး အဆောက်အအုံနှင့် စစ်ရှောင် စခန်းများ ကဲ့သို့ အရပ်သားဘက် အဆောက်အအုံများနှင့် အရပ်သားများအား တိုက်ရိုက် ပစ်ခတ် တိုက်ခိုက်ခြင်း အပါအဝင် အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာထောက်ထားမှု ဥပဒေနှင့် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေ ချိုးဖောက်မှုများ အားလုံးကို ချက်ချင်း ရပ်တန့်ရန်။

(ခ) အကူအညီ လိုအပ်နေသော ပြည်သူများထံသို့ လူသားချင်း စာနာထောက်ထားမှု အကူအညီများအား ဘက်လိုက်ခြင်းနှင့် ခွဲခြားဆက်ဆံမှု မရှိသည့် အခြေအနေဖြင့် လျင်မြန်စွာနှင့် အတားအဆီး မရှိ ပို့ဆောင်ခွင့်ပြုရန်နှင့် ၎င်းလုပ်ငန်းစဉ်များအား ပံ့ပိုးပေးရန်။ စားနပ်ရိက္ခာ၊ ဆေးဝါး၊ အခြေခံ ကုန်ပစ္စည်းများနှင့် ဆက်သွယ်ရေး ကိရိယာများအား ပို့ဆောင်မှု အပေါ် ကန့်သတ်ချက်များကို ရုတ်သိမ်းရန်။

(ဂ) နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေနှင့် မကိုက်ညီသော စစ်သား စုဆောင်းမှု ပုံစံ အားလုံးကို အဆုံးသတ်ရန်။ (ရိုဟင်ဂျာများ အပါအဝင်)

(ဃ) နိုင်ငံရေး အကျဉ်းသား အားလုံးကို နောက်ထပ် ကြန့်ကြာမှု မရှိဘဲ လွှတ်ပေးရန်နှင့် စစ်မှုထမ်းမှု ရှောင်တိမ်းခြင်း သို့မဟုတ် ငြင်းဆန်ခြင်း အပါအဝင် အခြား နည်းဖြင့် ဖမ်းဆီး ထိန်းသိမ်းခံရသူများ အတွက် ထိရောက်သော ထောက်ပံ့ကုစားမှု ပေးရန်။

၅၉။ အမျိုးသား ညီညွတ်ရေး အစိုးရ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့များကို ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးက အောက်ပါ အတိုင်း အကြံပြုထားပါသည်။

(က) အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာမှု ဥပဒေနှင့် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေများအား ချိုးဖောက်မှုနှင့် အလွဲသုံးစားမှု လုပ်ရပ် အားလုံးကို ရပ်စဲရန်။

(ခ) အရပ်သား ပြည်သူများအား လေးစားရေးနှင့် အရပ်သား ဘေးကင်းလုံခြုံမှု ရှိစေရေး အတွက် တိကျသော လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရန်။ ဥပဒေမဲ့ ကွပ်မျက်မှုမှ ရှောင်ကြဉ်ခြင်း၊ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် အလွဲသုံးစားပြုမှုကို တရား မျှတပြီး ယုံကြည်စိတ်ချရသော တာဝန်ခံမှု ယန္တရားများမှ တဆင့် အချိန်မီနှင့် ပွင့်လင်း မြင်သာစွာ ကိုင်တွယ်ဖြေရှင်းခြင်းနှင့် ကျူးလွန်ခံရသူများအား ပြန်လည်ကုစားမှုနှင့် နစ်နာကြေး ပေးရန်။

(ဂ) အဓမ္မ စစ်သား စုဆောင်းခြင်း၊ အထူးသဖြင့် ကလေး စစ်သား စုဆောင်းခြင်းကို ရပ်ဆိုင်းရန်နှင့် အဓမ္မ စစ်သား စုဆောင်းထားသူများအား ချက်ချင်း လွှတ်ပေးရန်။

၆၀။ အာရက္ခ တပ်တော်ကို ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးက အောက်ပါ အတိုင်း အကြံပြုထားပါသည်။

(က) ရိုဟင်ဂျာများကို ပစ်မှတ်ထား၍ အဓမ္မ စစ်သားစုဆောင်းမှုကို ချက်ချင်းရပ်တန့်ရန်နှင့် ရိုဟင်ဂျာများ အပါအဝင် အရပ်သား ပြည်သူလူထုကို တတ်နိုင်သမျှ အမြင့်ဆုံး အခြေအနေဖြင့် ကာကွယ်စောင့်ရှောက်မှု ပေးရန်။

(ခ) အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာထောက်ထားမှုဒ ဥပဒေနှင့် အညီ နေရပ်စွန့်ခွာ ထွက်ပြေးရသူ ရိုဟင်ဂျာများ အားလုံးကို မူလနေရပ်သို့ ပြန်လည် နေထိုင်ခွင့်ပြုရန်နှင့် စစ်ဆင်ရေး ကာလ၌ ဖျက်ဆီးခံရသော နေအိမ်များကို ပြန်လည် တည်ဆောက်နိုင်ရေး အတွက် ငွေကြေးထောက်ပံ့မှု ပေးရန်။

(ဂ) ရိုဟင်ဂျာများအား လွတ်လပ်စွာ သွားလာခွင့်နှင့် ဝန်ဆောင်မှုများ ရယူခွင့် အပေါ် သတ်မှတ်ထားသော မမျှတသည့် ကန့်သတ်ချက် အားလုံးကို ချက်ချင်း ရုတ်သိမ်းရန်။

(ဃ) ရခိုင်ပြည်နယ်ရှိ ၎င်းတို့ ထိန်းချုပ်ထားသော နေရာများတွင် သီးခြား လွတ်လပ်သော လူ့အခွင့်အရေး စုံစမ်းစစ်ဆေးရေးမှူးများအား အတားအဆီး မရှိ သွားလာခွင့် ပြုရန်။ အကူအညီ လိုအပ်သော အရပ်သား လူထုအား လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ ထောက်ပံ့ကူညီမှုများ ပေးရေး အတွက် ခွင့်ပြု၊ ပံ့ပိုးရန်။

၆၁။ ထို့အပြင် ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများကို လူ့အခွင့်အရေး မဟာမင်းကြီးက အောက်ပါ အတိုင်း အကြံပြုပါသည်။

(က) မြန်မာ နိုင်ငံ၏ လူ့အခွင့်အရေး အကျပ်အတည်း အထူးသဖြင့် ရိုဟင်ဂျာနှင့် အခြား လူနည်းစု တိုင်းရင်းသားများ၏ အခြေအနေကို တိကျခိုင်မာသော နိုင်ငံရေးအရ အာရုံ စိုက်မှုနှင့် အနီးကပ် စောင့်ကြည့်မှုကို ဆက်လက် ထားရှိရန်။ ၎င်းတို့အား နိုင်ငံတကာ မူဝါဒ ရေးရာ တုံ့ပြန်မှုများတွင် ၎င်းတို့၏ အသံနှင့် အတွေ့အကြုံများကို ထင်ဟပ်ခြင်း အားဖြင့် ဆောင်ရွက်ရန်။

(ခ) အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာမှု ဥပဒေနှင့် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေ ချိုးဖောက်မှုနှင့် အလွဲသုံးစား ပြုမှုများ အပေါ် အထောက်အပံ့ ဖြစ်စေသည့် အန္တရာယ် ရှိသော စက်လက်နက်၊ လေယာဉ်ဆီ၊ ထောက်လှမ်းရေး ကိရိယာနှင့် နည်း ပညာများ သာမက 'စစ်ဘက်အရပ်ဘက်' သုံးနိုင်သော ပစ္စည်းများအား လွှဲပြောင်းခြင်း သို့မဟုတ် လွှဲပြောင်းရန် ခွင့်ပြုမိန့်ပေးခြင်းများမှ ရှောင်ရှားရန်။

(ဂ) ဒုက္ခသည်များနှင့် နေရပ်စွန့်ခွာ ထွက်ပြေးရသူများနှင့် ဆက်စပ်၍ နိုင်ငံရပ်ခြားတွင် ခိုလှုံခွင့် ရရေးနှင့် ပြန်လည် နေရာချထားရေး အတွက် လုံခြုံပြီး လူ့ဂုဏ်သိက္ခာနှင့် ကိုက်ညီသောလမ်းကြောင်းများကို အကောင်အထည်ဖော်ဆောင်ခြင်းဖြင့် ၎င်းတို့အား ကာကွယ်စောင့်ရှောက်မည့် ကြိုးပမ်းချက်များကို ပံ့ပိုးပေးရန်။ ထို့အပြင် အသက် အန္တရာယ် ရှိသည့် အခြေအနေ၌ ပြန်မပို့ရေး (non-refoulement) အခြေခံမူ အရ မြန်မာ နိုင်ငံသို့ ပြန်ပို့သည့် လုပ်ရပ်အား ရှောင်ကြဉ်ရန်။

(ဃ) မြန်မာနိုင်ငံ အဝှမ်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒုက္ခသည်စခန်းများတွင် နေထိုင်ကြသော ထိခိုက်ခံရဆုံး လူပုဂ္ဂိုလ်များ၊ အထူးသဖြင့် ရိုဟင်ဂျာများနှင့် အခြား တိုင်းရင်းသား လူနည်းစုများကို ဦးစားပေး၍ အရေးပေါ် စားနပ်ရိက္ခာ၊ အမိုးအကာနှင့် ဆေးဘက်

**ဆိုင်ရာ အကူအညီများအတွက် လူသားချင်း စာနာထောက်ထားမှု ရန်ပုံငွေနှင့် ထောက်ပံ့မှုများအား တိုးမြှင့်ပေးရန်။**